မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၁၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတရေးရာ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T.Defensor နှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme. Phoebe A.Gomez လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T.Defensor အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T.Defensor နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

- မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီးသည် နိုင်ငံတော်၏အားထားရသော အမျိုးသားရေး စွမ်းအားစုတစ်ရပ် ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် တစ်ဖက်သတ်ပိတ်ပင်မှုလုပ်ရပ်များကို ပြတ်ပြတ်သားသား ရှုတ်ချပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို ဆက်လက်သယ်ပိုးထမ်းဆောင်သွားနိုင်မည်ယုံကြည်။ ခေါင်းကြီး (စာ-၂)
- ရှေးဟောင်းအမွေအနှစ် လက်ရာပစ္စည်းများ ရှာဖွေတွေ့ရှိသူများက တာဝန်သိသိ ပို့အပ်ခဲ့မည်ဆိုလျှင် ခေတ်ပေါက်ဈေးအပြင် သမိုင်းဆိုင်ရာဆောင်းငွေကိုပါ ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်ခြင်းခံကြရမည့်အပြင် နိုင်ငံတော်၏ဂုဏ်ပြုချီးမြှင့်မှုကိုလည်း ခံယူကြရပေမည်။ မနုဿကျော်ဝင်း၏ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၆ ရက်)

တစ်ဖက်သတ်စွပ်စွဲချက်များနှင့် ပိတ်ပင်မှုများကို ရှုတ်ချ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆက်လက်သယ်ပိုးထမ်းဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးသည် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများအရ မိသားစုအသွင်ဖြင့် စုပေါင်းနေထိုင်ခြင်း၊ စုပေါင်းဝိုင်းဝန်းလုပ်ဆောင်ခြင်း အလေ့အထများရှိသည်။

ရှေးဘိုးဘွားဘီဘင်လက်ထက်မှစ၍ မိသားတစ်စု၏အိမ်အမှုကိစ္စရှိလျှင် တစ်ရွာလုံးက ဝိုင်းဝန်းကူညီခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း လက်စားလိုက်စနစ်ဖြင့် စုပေါင်းထွန်ယက်ကောက်စိုက်ပျိုးနုတ်ခြင်း စသည့် မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများ နှစ်ပေါင်းထောင်ချီ၍ တည်ရှိခဲ့ပြီးဖြစ်သည်။

မြန်မာတိုင်းရင်းသားပြည်သူများ၏ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ၊ လူမှုရေးအရ စုပေါင်းလုပ်ဆောင်မှုများ ဆောင်ရွက်ရာတွင် လူတိုင်းအနေဖြင့် ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ပင်ကိုစိတ်စေတနာ ပြဋ္ဌာန်းချက်ဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ မွန်မြတ်သန့်စင်သော စေတနာဖြင့် ပါဝင်လုပ်ဆောင်ခြင်းဖြစ်သည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားပြည်သူတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မသိနားမလည်ဘဲ ကွဲပြားခြားနားသော သဘောထားအမြင်ဖြင့် မြန်မာတို့၏ ထုံးတမ်းအစဉ်အလာနှင့် ဖီလာဆန့်ကျင်သော ပြုမူပြောဆို တစ်ဖက်သတ်စွပ်စွဲချက်များကို ပြုလုပ်လာသည်ကို တွေ့မြင်နေရသည်။

အဆိုပါစွပ်စွဲပြောဆိုလာသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)သည် မြန်မာတို့၏ ထုံးတမ်းအစဉ်အလာဓလေ့များကို နားလည်သဘောပေါက်ခြင်းမရှိဘဲ စုပေါင်းလမ်းဖောက်ခြင်း၊ စုပေါင်းတံတားဆောက်ခြင်း စသည့်အများအကျိုးကို မွန်မြတ်သောစေတနာဖြင့် ဆောင်ရွက်ခြင်းအလုပ်ကို အဓမ္မခိုင်းစေသည်ဟု တစ်ဖက်သတ်စွပ်စွဲပြီး မြန်မာနိုင်ငံအပေါ် ထိခိုက်နစ်နာအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြောဆိုလျက်ရှိနေပေသည်။

ယင်းလုပ်ဆောင်မှုများနှင့်အတူ EUနှင့် အနောက်နိုင်ငံအချို့က မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ပင်မှုများ ပြုလုပ်ခဲ့သည့်အတွက် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်သိမ်းခဲ့ရသဖြင့် အလုပ်အကိုင်ရရှိနေသော မိခင်များ၊ အမျိုးသမီးများမှာ အလုပ်လက်မဲ့ဖြစ်၍ ဝင်ငွေလျော့နည်းလာသည့်အတွက် မိသားစုများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့တွင် များစွာထိခိုက်နစ်နာခဲ့ရပေသည်။

ယင်းသို့ တစ်ဖက်သတ်ပိတ်ပင်မှုများကြောင့် မြန်မာနိုင်ငံတွင် လက်ခစားစနစ်ဖြင့် ဆောင်ရွက်ခဲ့သော အထည်အလိပ်လုပ်ငန်းမှ စက်ရုံပေါင်း ၁၆၀ ကျော် ပိတ်ခဲ့ရပြီး စက်ရုံပေါင်း၄၀ ၌လည်း လုပ်သားအင်အား လျှော့ချခြင်းခံခဲ့ရပေသည်။ ထို့ကြောင့် မိခင်များ၊အမျိုးသမီးများအပါအဝင် အလုပ်လုပ်နေသူ ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့အပေါ်မှီခိုနေသည့် ကလေးသူငယ်အပါအဝင် မိသားစု လေးသိန်းကျော်၏ လူနေမှုဘဝကို ထိခိုက်နစ်နာစေခဲ့သည်။

မြန်မာနိုင်ငံရှိ အများအကျိုးအတွက် ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အသင်းဝင်များ၏ ဆန္ဒအလျောက် လုပ်အားကုသိုလ်ပေးလှူခြင်း၊ မိသားစုများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိပြီး မိသားစုဝင်ငွေတိုးရေး၊ လူမှုဘဝအဆင့်အတန်းမြင့်မားလာရေးအတွက် ဖြူစင်သည့် မေတ္တာစေတနာ၊ ကိုယ်ကျိုးမဖက်သည့် စွမ်းဆောင်မှုများဖြင့် ဟန့်တားနှောင့်ယှက် စွပ်စွဲမှုများကို မမှုဘဲ အများပြည်သူအကျိုးအတွက် ဆက်လက်ရှေးရှုဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် နိုင်ငံတော်၏ အားထားရသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် တစ်ဖက်သတ်ပိတ်ပင်မှုလုပ်ရပ်များကို ပြတ်ပြတ်သားသားရှုတ်ချပြီး နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးကို ဆက်လက်သယ်ပိုးထမ်းဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မေ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဦးဘမြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်တည်ဆောက်လှူဒါန်းမည့် သုံးထပ်ကျောင်းဆောင်သစ်(ယောဂီဆောင်)အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၂ရက်က ကျင်းပရာ ပဓာနနာယက ဘဒ္ဒန္တအာသဘ ဆရာတော်ထံ အလှူရှင် ဦးစန်းကြည်-ဒေါ်မူမူသန့်၊ သားရဲသီဟသန့်၊ ကျော်ဇေယျာသန့်၊ သမီးငြိမ်းပြည့်စုံစန်းကြည်(ပတ်ကားရွှေဆိုင်)မိသားစုတို့က သုံးထပ် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၃၀ ဆက်ကပ်လှူဒါန်းစဉ်။ (၁၅၂)



ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ၂၀၀၅ခုနှစ် ဇွန်လတွင် ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၀၅ခုနှစ် ဇွန် ၂၈ရက်မှ ဇူလိုင်၅ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်၊ ကျောက်မျက်ရတနာ ဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ညှိနှိုင်းသတ်မှတ်ပေးမည်

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဇွန်တွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၅ ခုနှစ် မေ ၁၆ ရက်မှ ဇွန် ၁၀ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆယ်သွယ်စုံစမ်းနိုင်

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ နှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက် တူးဖော်ရေးဌာန (မိုးကုတ်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့တို့၌ အခြေပြုသည့် တူးဖော်ရေးဌာန စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅၅)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလွင်ဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် အမှတ်(၁၅၅) ရပ်ကွက်ဥက္ကဋ္ဌ ဦးပြည့်စုံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၀၅
(သောကြာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Total Debtors Account and Total Creditors Account. (ဒုတိယနှစ်-စီးပွားစီမံ)
- ၅:၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၄၆)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၃)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၂၁)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပဲခူးမြို့သို့ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီတွင် ရွှေမော်ဓောစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်ပေါ်၌ ဒေသခံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပူးပေါင်းကာ သန့်ရှင်းရေးကုသိုလ် ပြုကြသည်။

တက်ရောက်အားပေး

ထို့နောက် ရွှေမော်ဓောစေတီတော်အနီး ဗုဒ္ဓအသံဓမ္မဗိမာန်ရှေ့၌ အရိပ်ရသစ်ပင်များ၊ အလှပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ လူငယ်လေ့လာရေးအဖွဲ့ဝင်များ၏ သန့်ရှင်းရေးကုသိုလ်ပြုပွဲနှင့် သစ်ပင် စုပေါင်းစိုက်ပျိုးပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေးသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် နံနက် ၉ နာရီတွင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှာစကားပြောကြားသည်။ လူငယ်လေ့လာရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မွန်ပြည်နယ်မှ ဒေါ်ညိုသွဲ့ဝင်းသူက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

သွားရောက်လေ့လာ

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ပဲခူးမြို့ရှိ မဇင်းကုန်ထုတ်သမဝါယမအသင်းသို့ သွားရောက်လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရခိုင်ပြည်နယ်သို့ လေ့လာရေးခရီးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များ ရခိုင်ပြည်နယ် သံတွဲမြို့ လီယိုပုစွန်မွေးမြူရေးစခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ သံတွဲ၌လေ့လာ

ရန်ကုန် မေ ၅

ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သံတွဲမြို့ အမေ့ဇင်း ဟိုတယ်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ် တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လီယိုပုစွန်မွေးမြူရေးစခန်းနှင့် လင်းအောင် အအေးခန်းတို့သို့ သွားရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပဲခူးတိုင်း အနောက်ပိုင်းသို့ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များ ပြည်မြို့နယ် မှော်ဇာကျေးရွာရှိ သရေခေတ္တရာမြို့ဟောင်းနှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် ကြည့်ရှု လေ့လာကြစဉ်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မကွေးတိုင်းသို့ ရောက်ရှိလေ့လာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ ဦးဆောင်ကြိုကြပ်၍ မေ ၂ ရက် ညနေပိုင်းတွင် မကွေးတိုင်း မကွေးမြို့သို့ရောက်ရှိကြရာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်အခမ်းအနားကို မေ ၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် အလုပ်အမှုဆောင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက မကွေးတိုင်း အတွင်း လေ့လာမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေ ဦးဆောင်လျက် ပွင့်ဖြူမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)သို့ သွားရောက်လေ့လာကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးက စက်ရုံနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်လေ့လာကြသည်။ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ် သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မကွေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ တောင်နဝင်းရေလှောင်တမံလေ့လာ

ရန်ကုန် မေ ၅

ပြည်မြို့၌ ရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် ည ၈ နာရီတွင် ပြည်မြို့ မင်္ဂလာဂါးဒင်းဟိုတယ်မြက်ခင်းပြင်၌ လေ့လာရေးခရီး အတွေ့အကြုံများကို ရင်းရင်းနှီးနှီးဖလှယ်ကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ ရက် နံနက် ၇ နာရီတွင် ပြည်မြို့နယ် မှော်ဇာကျေးရွာရှိ သရေခေတ္တရာမြို့ဟောင်းနှင့် ယဉ်ကျေးမှုပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ဆက်လက်၍ ရွေးဟောင်းသမိုင်းဝင်ဘောဘောကြီးစေတီသို့သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်း ရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးလွင်က တောင်နဝင်းရေလှောင်တမံနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့်စိုက်ပျိုးရေးအတွက်ရေပေးဝေမှုများကို ရှင်းလင်းပြောကြားသည်။

လေ့လာ

ယင်းနောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် တောင်နဝင်းရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် အမှတ်(၁၁)အင်ငါးခွ သကြားစက်ရုံသို့ ရောက်ရှိလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ မကွေးတိုင်းသို့ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များ မကွေးတိုင်း ပွင့်ဖြူမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) တွင် လေ့လာကြစဉ်။

(သတင်းစဉ်)

စွမ်းရည်လေးရပ် ပြည့်ဝရန်

မလေးရှားလူငယ်များအား ဒုတိယဝန်ကြီးချုပ် တိုက်တွန်း

ကွာလာလမ်ပူ မေ ၄

စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အသိပညာဗဟုသုတတိုးပွားရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိရေး၊ ခွန်အားဗလ တောင့်တင်းရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးစွမ်းရည်လေးရပ် ပြည့်ဝရန်လိုအပ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ်နာဂျစ်ရာဇတ်ခ်က လူငယ်များအား တိုက်တွန်းပြောကြားလိုက်သည်။

မလေးရှားနိုင်ငံသည် စီးပွားရေးသုတခေတ် သို့မဟုတ် ကေစီးပွားရေးခေတ်သစ်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ အောင်မြင်မှု၏အဓိကသော့ချက်သည် ကျွမ်းကျင်မှုပင်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

ယနေ့ခေတ်လူငယ်သည် သက်ဆိုင်ရာနယ်ပယ်များ၌ တတ်သိကျွမ်းကျင်ထားဖို့လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ တောင့်တင်းကြံ့ခိုင်ပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် မိမိကိုယ်ကို ယုံကြည်မှုရှိကြရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ယူဂန်ဒါသို့ တရုတ်ခရီးသွားများလာရောက်ရေး အကောင်အထည်ဖော်မှု ကော်မတီ ဖွဲ့စည်းမည်

ကမ်ပါလာ မေ ၄

တရုတ်နှင့် ယူဂန်ဒါနိုင်ငံတို့အကြား ပြီးခဲ့သည့်လက နှစ်ဦးနှစ်ဖက် နားလည်မှုစာချုပ်တစ်ရပ်ရေးထိုးခဲ့ပြီးနောက် တရုတ်နိုင်ငံမှ ခရီးသွားများ ယူဂန်ဒါနိုင်ငံသို့ လာရောက်ရေး အကောင်အထည်ဖော်မှုကော်မတီတစ်ရပ်ကို ယူဂန်ဒါအစိုးရက ဖွဲ့စည်းထူထောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နားလည်မှုစာချုပ်လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှ စတင်ပြီး သုံးလအတွင်း ယူဂန်ဒါနိုင်ငံသို့ တရုတ်မှ ခရီးသွားဧည့်သည်များ ပထမဆုံး လာရောက်နိုင်အောင် ယင်းအကောင်အထည်ဖော်မှုကော်မတီက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ယူဂန်ဒါနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး အကာကီ အယူမူဂျီဗီနိုက ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချုပ်တွင် ယူဂန်ဒါနိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့် စပ်လျဉ်း၍ တရုတ်ခရီးသွားများအား ပြောကြားထားရန်နှင့် ယူဂန်ဒါနိုင်ငံရှိ ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်ပေးရန်တို့ကို ယူဂန်ဒါအစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မစ္စတာအကာကီက ပြောကြားသည်။

ယူဂန်ဒါခရီးသွားများ တရုတ်နိုင်ငံသို့ သွားရောက်ရေးအတွက် ယူဂန်ဒါခရီးသွားလုပ်ငန်းများနှင့် မီဒီယာများကလည်း ဆောင်ရွက်ပေးရန် ယူဂန်ဒါအစိုးရက သဘောတူထားကြောင်း ၎င်းကပြောကြားသည်။

အာဖရိက၏ ပုလဲဟုတင်စားခေါ်ဝေါ်သည့် ယူဂန်ဒါနိုင်ငံသို့ တရုတ်ခရီးသွားများ အများအပြားလာရောက်ကြမည်ဟု ယူဂန်ဒါနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီး အကာကီယုံကြည်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ရုံတွင် အလုပ်သမားများ လုပ်ငန်းခွင်ဝင်နေကြသည်ကို မေ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယမှ ကမ္ဘာလှည့် ခရီးသွားများလာရောက်ရေး ဆွဲဆောင်မှုပြုလုပ်ရန် မလေးရှားနိုင်ငံက ကြိုးပမ်းလျက်ရှိ

လပ်နောင်း မေ ၄

အိန္ဒိယနိုင်ငံ၏မြို့ကြီးများတွင် နေထိုင်ကြသော ဧည့်သည်များကို ဆွဲဆောင်မှုပြုပြီးနောက် ယခုအခါ မလေးရှားနိုင်ငံသည် လပ်နောင်းနှင့် ဟိုက်ဒရာဘတ်ကဲ့သို့ မြို့ကြီးများမှ ကမ္ဘာလှည့်ခရီးသွားများကို အရှေ့တောင်အာရှနိုင်ငံ မလေးရှားသို့ လာရောက်လည်ပတ်ကြရေး ဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကြိုးပမ်းမှု တစ်ရပ်အဖြစ် နာဝက်ဘ်မြို့တွင် ကြော်ငြာစည်းရုံးမှုတစ်ရပ်ကို စတင်ဆောင်ရွက်ထားကြောင်း မလေးရှားခရီးသွားလုပ်ငန်း မန်နေဂျာက လပ်နောင်း၌ သတင်းထောက်များကို ပြောကြားသည်။

မလေးရှားနိုင်ငံသည် ဝင်ငွေအတော်အသင့်ကောင်းသော ခရီးသွားအုပ်စုများ လာရောက်လည်ပတ်ရာနေရာဖြစ်ကြောင်း၊ လပ်နောင်းနှင့် ဥတ္တရပရာဒေ့ရှ်တို့တွင်လည်း အလားတူခရီးသွားအုပ်စုများ လာရောက်လည်ပတ်ရန် ဆွဲဆောင်နိုင်သည့်နေရာများရှိကြောင်း ၎င်းကပြောကြားသည်။

စီစဉ်ထား

ကြော်ငြာသည့် အနေဖြင့် လာမည့်နှစ်လအတွင်း နာဝက်ဘ်မြို့တွင် အစားအစာနှင့် ယဉ်ကျေးမှုပွဲတော် ကျင်းပသွားရန်လည်း စီစဉ်ထားကြောင်း ၎င်းကပြောကြားသည်။

တိုးလာ

အိန္ဒိယနိုင်ငံမှ မလေးရှားသို့ လာရောက်သူစုစုပေါင်းသည် ၃၀၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်။ ၁၉၉၉ခုနှစ်၌ ၃၉၀၀၀မှ ယမန်နှစ်၌ ၁၇၂၀၀၀ထိ တိုးလာခဲ့သည်။ နှစ်ချင်းအလိုက် မလေးရှားသို့ရောက် ရှိသည့် တိုးတက်မှုသည် ၂၀၀၃ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း ဖြစ်သည်။

(အင်တာနက်)

အီရန်လေဆိပ်အသစ် ပြန်လည်ဖွင့်လှစ်

တီဟီရန် မေ ၄

အီရန်နိုင်ငံ၏ အစ္စလာမ့်တော်လှန်ရေးခေါင်းဆောင် ခိုမေနီသေဆုံးခဲ့ပြီးနောက် အမည်ပေးခဲ့သော တီဟီရန်ရှိ အသစ်တည်ဆောက်ခဲ့သည့် နိုင်ငံတကာလေဆိပ်ကိုလုံခြုံရေးအခြေအနေများအရ လွန်ခဲ့သည့်မေလက ပိတ်ထားခဲ့ပြီးနောက် စနေနေ့က ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၎င်းသည် နိုင်ငံ၏အကြီးဆုံးလေဆိပ်ဖြစ်ပြီး နှစ်စဉ်ခရီးသည်ခြောက်သန်းခန့် အသုံးပြုရန် အလားအလာရှိကာ အဆိုပါကိန်းဂဏန်းသည် အဆင့်သုံးဆင့်အထိ ပြောင်းလဲတိုးတက်နိုင်သည်။

အီရန်နိုင်ငံသည် နောက်ဆုံးတွင် လေဆိပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၎င်းသည် အီရန်နှင့်အာရပ်စော်ဘွားများနိုင်ငံအကြား လေကြောင်းလိုင်းအားလုံးအတွက် အသုံးပြုမည်ဖြစ်ကြောင်း အီရန်ပြည်တွင်းလေယာဉ်ထုတ်လုပ်မှု အာဏာပိုင်များက ကြေညာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နီပေါအမျိုးသမီး ၁၅ဦး လူမှောင်ခိုအကူးခံရ

ခတ္တမန္ဒူ မေ ၄

နီပေါအမျိုးသမီး ၁၅ဦးအား အလုပ်အကိုင်ကောင်းများပေးမည်ဟု ပြောဆိုပြီး အိန္ဒိယနိုင်ငံမှတစ်ဆင့် ပင်လယ်ကွေ့နိုင်ငံများသို့ လူမှောင်ခိုကုန်ကူးစဉ် ကယ်တင် လိုက်ရကြောင်း နီပေါနိုင်ငံ ရဲတပ်ဖွဲ့မှ တနင်္ဂနွေနေ့က ပြောကြားသည်။

၎င်းအမျိုးသမီးများအား အိန္ဒိယနိုင်ငံ ရက်ခ်ရှောမြို့နှင့် နာခါးတီရဂန်မြို့ မီးရထားဘူတာရုံများမှ ကယ်တင်ခဲ့ပြီး ယခုအခါ ၎င်းတို့အား ပါဆာဒေသရှိ အစိုးရမဟုတ်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည့် မဲတီနီပေါရုံးတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု ရဲအဖွဲ့က ပြောကြားသည်။ နီပေါနိုင်ငံ ရဲတပ်ဖွဲ့၊ အိန္ဒိယရဲတပ်ဖွဲ့နှင့်လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု ကြောင့် ၎င်းတို့အား ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

စစ်ဆန့်ကျင်ရေးနှင့် နျူကလီးယား ဆန့်ကျင်ရေး လူထုစည်းဝေး နယူးယောက်စင်ထရယ်ဥယျာဉ်၌ လူထောင်ပေါင်းများစွာဖြင့် ကျင်းပ

နယူးယောက် မေ ၄

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် မေ ၁ ရက်နေ့က မန်ဟက်တန်မြို့လယ်ကိုဖြတ်ပြီး ချီတက်ဆန္ဒပြကြကာ နယူးယောက်မြို့၏ စင်ထရယ်ဥယျာဉ်၌ စစ်ဆန့်ကျင်ရေးနှင့် နျူကလီးယားဆန့်ကျင်ရေး လူထုအစည်းအဝေး တစ်ရပ် ပြုလုပ်ခဲ့ ကြသည်။

ဆန္ဒပြသူများသည် စစ်အလိုမရှိ၊ နျူကလီးယား အလိုမရှိ၊ သိမ်းပိုက်မှုကို အဆုံးသတ်ဆိုသော စာတန်းများကို ကိုင်ဆောင်ကာ ကုလသမဂ္ဂ ဌာနချုပ်ကို ဖြတ်ကျော်ချီတက်ဆန္ဒပြခဲ့ကြသည်။

ကုလသမဂ္ဂဌာနချုပ်တွင် နျူကလီးယား မပြန့်ပွားရေးစာချုပ် ပြန်လည်သုံးသပ်မည့် ညီလာခံတစ်ရပ်ကို ယခု သီတင်းပတ်၌ ကျင်းပရန်ရှိသည်။

ဆန္ဒပြသူများထဲတွင် အသက် ၉၀နှစ်ရှိ ဒုတိယကမ္ဘာစစ်ပြန်ရဲဘော်ဟောင်းကြီး ပေါလ်ဘရေးလ်ဖို့ဒ်ဆိုသူလည်း ပါဝင်ခဲ့သည်။ ၎င်းက နျူကလီးယား လက်နက်များနှင့် အီရတ်စစ်ပွဲဆိုင်ရာ အစိုးရ၏မူဝါဒနှင့်ပတ်သက်၍ မိမိစိုးရိမ်ကြောင်း ပြောကြားခဲ့ပြီး အခြားစစ်ပြန်ရဲဘော်ဟောင်းများနှင့် ပူးပေါင်းလျက် မိမိသည် ပြည်သူတို့နှင့် တစ်သားတည်း ရှိသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၉နှစ်သားအရွယ် စတုတ္ထတန်းကျောင်းသား ဂျပ်စ်တင်ဂွန်ဇာလက်စ်သည်လည်း သူ၏မိခင်နှင့်အတူ ချီတက်ဆန္ဒပြပြီး လမ်းတစ်လျှောက်၌ အော်ဟစ်ကြွေးကြော်ခဲ့သဖြင့် အသံဝင်ခဲ့ရသည်ဟုဆိုသည်။ မိမိ၏သားဖြစ်သူ နျူကလီးယား ဆန့်ကျင်ရေးနှင့် စစ်ဆန့်ကျင်ရေး လူထုအစည်းအဝေး၌ ပါဝင်ဆင်နွှဲ သည်မှာ ယခုအကြိမ်သည် ဒုတိယ အကြိမ်ဖြစ်သည်ဟု မိခင်ဖြစ်သူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ဆေး

မိုဆူးလ်မြို့တွင် မော်တော်ယာဉ်များကို စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား မေ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲ လူ ၃၀သေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

တာလ်အဖာ မေ ၄

အီရတ်နိုင်ငံ(မြောက်ပိုင်း) ဆီးရီးယားနယ်စပ်၏အရှေ့ဘက် ကီလိုမီတာ ၁၅၀အကွာရှိ တာလ်အဖာ မြို့တွင် ကာ့ဒ်အရာရှိတစ်ဦး၏ဈာပနသို့ လာရောက်ကြသူများဖြင့် ပြည့်နေသော ရွက်ဖျင်တဲတစ်ခု၌ တနင်္ဂနွေနေ့က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူ ၃၀သေဆုံးပြီး ၅၀ကျော် ဒဏ်ရာရရှိ ခဲ့သည်ဟု စစ်ဘက်နှင့် ပြည်နယ်အရာရှိတစ်ဦးက ပြောကြားသည်။

ဈာပနမှာ ကာ့ဒ်ဒီမိုကရက်တစ်ပါတီမှ ဆာယက်ဒ်တာလစ်ဘ်ဆာ ယက်ဒ်ဝါဟက်ဘ်ဆိုသူ၏ ဈာပနဖြစ်ပြီး ဈာပနသို့ လူအများစုရုံးရောက် ရှိခဲ့ကြသည်ဟု ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ပါတီပြောခွင့်ရှိသူက မိုဆူးလ်မြို့မှ ပြောကြားသည်။

ကားတစ်စီးသည် ဈာပနသို့ လာရောက်သည့်လူများရှိရာ ရွက်ဖျင်တဲအတွင်းသို့ အရှိန်ဖြင့်ဝင်တိုက်ပြီး ဗုံးကိုဖောက်ခွဲခဲ့ကြောင်း ထိုပြောရေးဆိုခွင့်ရှိသူက ပြောသော်လည်း အမေရိကန်စစ်ဘက်က အသေခံတိုက်ခိုက် ခြင်းမဟုတ်ဟုပြောကြားသည်။

ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့၌ အခြားကားဗုံးခြောက်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးထက်မနည်း ဒဏ်ရာရခဲ့သည်ဟု အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နှင့်ဂျပန် ကမ္ဘာ့အသီးသီးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး သမ္မတဟူကျင်တောင်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဆွေးနွေး

ပေကျင်း မေ ၄

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် ကမ္ဘာ့အသီးသီးတွင် အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေသင့်ကြောင်း၊ နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်မှုများကို အားပေးသင့်ကြောင်း ဂျကာတာ၌ ဂျပန်ဝန်ကြီးချုပ်နှင့် မကြာသေးမီကပြုလုပ်ခဲ့သော ထိပ်သီးအစည်းအဝေးတွင် တရုတ်သမ္မတ ဟူကျင်တောင်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ အားကစားနှင့် ပတ်ဝန်းကျင်ကာကွယ်ရေးတွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ကြသည့်ပြင် ပြည်သူအချင်းချင်း ဆက်ဆံမှုများတွင်လည်း အကျိုးရှိစွာ တိုးတက်မှု ရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ နိုင်ငံရေးဆက်ဆံမှုများ တင်းမာနေမှု ပြေလျော့စေရန်အတွက် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံသည် နယ်ပယ်အသီးသီးတွင် အပြန်အလှန်ဖလှယ်မှုကို တိုးမြှင့်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးရာ တက္ကသိုလ်ပါမောက္ခ ကျန်လီလီက တွေ့ဆုံမေးမြန်းရာ၌ ဆင်ဟွာသို့ ပြောကြားသည်။

မျက်မြင်ထင်ရှား

တရုတ်-ဂျပန်ပူးတွဲကြေညာချက်၊ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှုစာချုပ်၊ တရုတ်-ဂျပန်ပူးတွဲတရားဝင် ကြေညာချက်ဆိုသော သဘောတူချက်သုံးရပ်၏ လမ်းညွှန်ချက်ဖြင့် နှစ်နိုင်ငံအစိုးရ အဖွဲ့အစည်းများနှင့် ပါလီမန်များသည် အောင်မြင်မှုများရရှိခဲ့သည်မှာ မျက်မြင်ထင်ရှားဖြစ်ကြောင်း ကျန်က ပြောကြားသည်။

တွေ့ဆုံ

တရုတ်နှင့်ဂျပန် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၇၂နှစ်၌ထူထောင်ခဲ့ပြီးနောက် တိန့်ရှောင်ဖိန်နှင့် ကျန်ဇီမင်းတို့ အပါအဝင် တရုတ်ခေါင်းဆောင်များသည် ဂျပန်နိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့ကြပြီး ဂျပန်ဝန်ကြီးချုပ် များစွာသည်လည်း တရုတ်သို့ လာရောက်လည်ပတ်ခဲ့ကြသည်။ သမ္မတ ဟူကျင်တောင်သည် ငါးလအတွင်း ချီလီနှင့် အင်ဒိုနီးရှား၌ ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်၌ ဘီတီစပ်မျိုး ဝါဂွမ်းမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။ (ဘီတီစပ်မျိုး ဝါဂွမ်းကို ၁၂ဘီတီ၊ ၁၆၂ဘီတီ၊ ၁၈၄ဘီတီဟူ၍ သုံးမျိုးခွဲထားကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အင်တာနက်အသုံးပြုမှု တိုးတက်

ဒါကာ မေ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အင်တာနက်အသုံးပြုသူ အရေအတွက်သည် တစ်သန်းအထိရှိလာပြီး လွန်ခဲ့သည့်နှစ်အတွင်း ၁၅၀ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အင်တာနက် ဝန်ဆောင်မှုအသင်း အတွင်းရေးမှူးချုပ် ဆာဖီချောင်ဟူရီက ဖုန်းဖြင့်ဆင်ဟွာသို့ သောကြာနေ့က ပြောကြားသည်။

တယ်လီဖုန်းနှင့် ကွန်ပျူတာ တင်သွင်းမှုကို အခွန်လျှော့ချပေး၍ အသုံးပြုသူအရေအတွက် ပိုမိုများလာခြင်းဖြစ်ကြောင်း ချောင်ဟူရီက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် အင်တာနက် ဝန်ဆောင်မှုအသင်းတွင် အဖွဲ့ဝင်ပေါင်း ၆၀၀၀၀ရှိပြီး အသုံးပြုသူပေါင်း တစ်သန်းကျော်ရှိကြောင်း၊ အခွန်လျှော့ချမှုကြောင့် သုံးစွဲသူအရေအတွက် တိုးတက် များပြားလာကြောင်း ၎င်းက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အင်တာနက် အသုံးပြုသူ အရေအတွက် တိုးတက်မှုမှာ အလွန်နည်းခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၆ခုနှစ်က အင်တာနက်ဝန်ဆောင်မှု စတင်လုပ်ဆောင်ခဲ့ရာ ပြီးခဲ့သည့်နှစ်နှစ်အတွင်း လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း ချောင်ဟူရီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကော်ဖီအရည်အသွေးတိုးတက်ရေးနှင့် ထောက်ပံ့ပေးသွင်းမှု အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့သဘောတူစာချုပ်

ဂျကာတာ မေ ၄

အင်ဒိုနီးရှားနိုင်ငံသည် အရောင်အဆင်း၊ အနံ့အရသာရှိသော ကော်ဖီအရည်အသွေး တိုးတက်စေရေးနှင့် ကော်ဖီထောက်ပံ့ပေးသွင်းမှုစီမံခန့်ခွဲရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ဗီယက်နမ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထုတ်ပြန်ထားသည်ဟု အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး မာရီပန်ဂျက်စ်တူက တနင်္လာနေ့၌ ပြောကြားသည်။

အဆိုပါ သဘောတူချက်သည် ကော်ဖီဈေးနှုန်းများ တည်ငြိမ်စေရန် ထောက်ပံ့ပေးသွင်းမှုထိန်းချုပ်ခြင်း အပါအဝင် နည်းလမ်းအမျိုးမျိုးတွင် ပူးပေါင်း ဆောင်ရွက်ရန်အတွက် ကမ္ဘာ့အရောင်အဆင်း၊ အနံ့အရသာရှိသော ထိပ်တန်း ကော်ဖီထုတ်လုပ်သူများကို လမ်းပွင့်စေမည်ဟု မာရီက ပြောကြားသည်။

သဘောတူ

မိမိတို့၏ ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်ကို မိမိတို့ ဖလှယ်နိုင်သည့်ပြင် ထုတ်လုပ်မှုတိုးမြှင့်မည် သို့မဟုတ် လျှော့ချမည်ကိုလည်း သဘောတူနိုင်ကြောင်း သူမက ပြောကြားသည်။

လက်မှတ်ရေးထိုး

ဧပြီ ၂၇ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံစီးပွားရေး ဝန်ကြီးအဆင့် အစည်းအဝေး၏ ပြင်ပတွင် အာဆီယံ ကုန်သွယ်ရေးဝန်ကြီးဌာနများမှ အရာရှိများက နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပေါ်ထွက်

၂၀၀၃ခုနှစ် ဇွန်လ၌ ဗီယက်နမ်ကော်ဖီ၊ ကိုကိုးအသင်းနှင့် အင်ဒိုနီးရှား ကော်ဖီတင်ပို့သူများ အသင်းတို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် နှစ်နှစ်နီးပါးအကြာ၌ ယင်းသဘောတူချက် ပေါ်ထွက်လာခဲ့သည်။ **(အင်တာနက်)**

ငှက်ဖျားရောဂါကြောင့် နှစ်စဉ်လူတစ်သန်းသေဆုံးကြရ ကုလသမဂ္ဂ၏ ၂၀၀၅ခုနှစ် အစီရင်ခံစာတွင်ဖော်ပြ

ဂျိနီဗာ မေ ၄

နှစ်စဉ်နှစ်တိုင်း လူတစ်သန်း ငှက်ဖျားရောဂါကြောင့်သေဆုံးရကြောင်း၊ သေဆုံးသူအများစုမှာ အာဖရိကတိုက်၌ဖြစ်ကြောင်း မေ ၃ ရက်က ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ရောဂါဘယဖိစီးမှုလျော့ပါးရေး ဆောင်ရွက်ရာတွင် တိုးတက်မှုများအပြင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ယင်းအစီရင်ခံစာက အထူး အလေးပေး ဖော်ပြခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က ထုတ်ပြန်သည့် ၂၀၀၅ကမ္ဘာ့ငှက်ဖျားအစီရင်ခံစာ၌ ၂၀၀၃ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် လူသန်း ၃၅၀မှ ၅၀၀အထိသည် ငှက်ဖျားရောဂါဖြစ်ကြရကြောင်း၊ ကာကွယ်ရေးနှင့် ကုသရေးကို နောက်ထပ်လူများအား လုပ်ဆောင်ပေးသော်လည်း ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါဖြစ်သူ အရေအတွက်သည် ထိုမျှအထိ ဖြစ်လာခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံအများအပြားသည် ငှက်ဖျားရောဂါထိန်းချုပ်ရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြကြောင်း၊ ကန့်သတ်မှုရှိသော အရင်းအမြစ်များနှင့် ငှက်ဖျားရောဂါဖိစီးမှုကြီးမားသည့် နိုင်ငံများပင် ယခုအခါယင်းရောဂါကိုနှိမ်နင်းအောင်မြင်ရန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ်ရှိကြောင်း ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် လီယွန်ဝုခ်က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

၂၀၁၅ခုနှစ်၌ ငှက်ဖျားရောဂါဖြစ်ပွားမှု ရပ်တန့်စေခြင်းသည် ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး လျာထားသတ်မှတ်ချက်ဖြစ်သည်။ ငှက်ဖျားရောဂါကို တိုက်ထုတ်ပစ်ရေးအတွက် နောက်ထပ် အရေးတကြီး သတ်မှတ်သည့် ရည်မှန်းချက်မှာ ၂၀၁၀ပြည့်နှစ်၌ ကမ္ဘာတစ်ဝန်းတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု ထက်ဝက်လျော့ကျစေရေးဖြစ်သည်။

ထိုရည်မှန်းချက် ပြည့်မြောက်အောင်မြင်ရေးအတွက် အဓိက အတားအဆီးတစ်ရပ်မှာ ငွေကြေးမပြည့်စုံခြင်းဖြစ်ကြောင်း အစီရင်ခံစာ၌ ရှင်းလင်းဖော်ပြထားပြီး ရောဂါဖြစ်ပွားမှု အထူပြောဆုံး ၈၂နိုင်ငံ၌ ငှက်ဖျားရောဂါကို ထိရောက်စွာ နှိမ်နင်းရန်တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ဘီလီယံလိုအပ်သည်ဟု အစီရင်ခံစာ၌ ခန့်မှန်းဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါထိန်းချုပ်ရေးအတွက် ယခုနှစ်ရရှိအသုံးပြုနိုင်သော ငွေကြေးမှာ ဒေါ်လာသန်း ၆၀၀ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုနှင့် ယူနီဆက်အရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ပြုလုပ်နေကြသည်ကို မေ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားတိုက်ခိုက်မှုများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် ပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂ မေ ၄

အီရတ်နိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားတိုက်ခိုက်မှုများကြောင့် သောကြာနေ့ကစပြီး သေဆုံးခဲ့သည့် အီရတ်လူမျိုး ၁၀၀ကျော်ရှိခဲ့ပြီး ဒဏ်ရာရသူမှာ နှစ်ဆမျှရှိခဲ့ရာ ထိုဗုံးခွဲမှုများနှင့် အခြားတိုက်ခိုက်မှုများကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြစ်တင်ရှုတ်ချလိုက်သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဗင်ဂျူဂျာရစ်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ထိုသို့ တိုက်ခိုက်မှုများကြောင့် မိမိတုန်လှုပ်ခြောက်ခြားမှု ဖြစ်ရကြောင်းနှင့် ယင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာမဲ့သည့်လုပ်ရပ်ကို ကိုဖီအာနန်က ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချကြောင်း ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်ထုတ်ပြန်ရာ၌ ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုများသည် အသစ်ဖွဲ့စည်းထားသည့် အစိုးရကို ဖျက်ဆီးရန်ကြိုးပမ်းမှု ဖြစ်ပုံရကြောင်းလည်း အာနန်က ပြောဆိုသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထို့ပြင် အာနန်သည် ဈာပန၌ ကားဗုံးပေါက်ကွဲပြီး သေဆုံးခဲ့ကြရသော ကလေးငယ်များ အပါအဝင် ဈာပနသို့ လာရောက်ကြသူများ၏ မိသားစုများကို မိမိကိုယ်ချင်းစာနာမိကြောင်းလည်း ပြောဆိုခဲ့သည်ဟု ဂျူရာရစ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြနှင့် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားတက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့စစ်ရေးပြမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များကစစ်ရေးပြကွင်းအတွင်း နေရာယူ၍ဝန်ကြီးအားတန်းအပ်သည်။

ထို့နောက် ဝန်ကြီးက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ရဲသူရိန်တံဆိပ်ရရှိသူ လေးဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ ခြောက်ဦးနှင့် ရဲကျော်သူတံဆိပ်ရရှိသူ ခြောက်ဦးတို့အားဆုများချီးမြှင့်သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နည်းစနစ်များဖြစ်ကြသော ကြိုးကူး၊ကြိုးတက်၊ကြိုးဆင်းနည်းစနစ်များ၊ ဓာက်ထိုးဆင်း၍ Stretcher ဖြင့် လူနာကယ်ဆယ်ခြင်း၊ Slow down စက်သီးဖြင့် ကြိုးလှေကားဆင်းနည်း၊ Slope ဆင်းနည်းဖြင့် လူနာကယ်ဆယ်ခြင်း၊ အသက်ကယ်လေမွေ့ရာ(Air Mattress)ခုန်နည်း၊ အနိမ့်ပိုင်းမှ ဒဏ်ရာရလူနာကယ်ဆယ်ခြင်း၊ ဆိုင်ကယ်ဖြင့် Impulsegun ရေသေနတ်ပစ်ခတ်ခြင်း၊ အသက်ရှူကိရိယာဝတ်ဆင်မှု သရုပ်ပြခြင်း၊ မီးကာဝတ်စုံဝတ်၍ B.A Set ဖြင့် မီးထဲဖြတ်လျှောက်ခြင်း၊ အဆောက်အအုံအတွင်းမှ လူနာကယ်ဆယ်ခြင်း၊ ဓာတ်ငွေ့အိုးမီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုကို Water Mist ရေသေနတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆေးရောင်ခြယ်ရေဖြင့် ရေပက်သရုပ်ပြခြင်း၊ Fog Nozzle မြူနှင်းမှုန်ပိုက်ခေါင်းအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ လှေကားတင် မီးသတ်ယာဉ်များဖြင့် အထပ်မြင့်အဆောက်အအုံမီးလောင်မှုကို မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ အမျိုးသားအဖွဲ့ မီးသတ်စက်ကြီးပြိုင်ပွဲ၊ အမျိုးသမီးအဖွဲ့ အပေါ့စား စက်ကလေးပြိုင်ပွဲ၊ အမျိုးသားအဖွဲ့ တူညီဝတ်စုံပြိုင်ပွဲတို့ကို သရုပ်ပြပြီး စစ်ရေးပြ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ (၅၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ကျင်းပရာ နှစ် (၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲမှ ရရှိသောဒိုင်းဆုကို တပ်ခွဲမှူးက ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မီးသတ်တပ်ဖွဲ့နေ့အတွက် အလှူငွေပေးအပ်သည့် အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့နေ့အတွက် အနုပညာဖြင့် ကူညီဆောင်ရွက်ပေးသော အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါးရေးသားသူများ၊ လူမှုထူးချွန်တံဆိပ်ရရှိသူ နှစ်ဦး၊ ဂက်စ်အိုးအရောင်းဆိုင် မီးလောင်မှုတွင် စွန့်စားငြိမ်းသတ်ခဲ့သူ တပ်ဖွဲ့ဝင်၁၀၂ ဦးကိုယ်စား တပ်ဖွဲ့ဝင်တစ်ဦးအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်က သဃ်န်းကျွန်းမြို့နယ် ရော်ဘာစက်ရုံ မီးလောင်မှုတွင် တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်အထိ စွန့်စား၍ ပူးပေါင်းပါဝင်ငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့ကိုယ်စား တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း၊ ပန်းဘဲတန်းမြို့နယ်တွင် တိုက်ပေါ်မှ ခုန်ချရန်ကြိုးစားစဉ် အသက်စွန့်ကယ်ဆယ်ခဲ့သည့် တပ်ဖွဲ့ဝင် နှစ်ဦးတို့အားလည်းကောင်း၊ ပုဇွန်တောင်မြို့နယ်တွင် ၁၀ ထပ်တိုက်ခေါင်မိုးပေါ်မှ ခုန်ချရန်ကြံစည်သူအား အသက်စွန့်ကယ်ဆယ်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့ကိုယ်စား မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဒိုင်းဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် ၂၀၀၅ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူ ၂၀ တို့ကိုယ်စား တံဆိပ်ချီးမြှင့်ခံရသူ တစ်ဦးအားလည်းကောင်း၊ ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုရာတွင် ဆုရရှိသူများ၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း အကြိုအခြေခံမီးသတ်သင်တန်းအများဆုံးဖွင့်လှစ်နိုင်ခဲ့သော ပြည်နယ်၊ တိုင်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ စခန်းသာယာရေးဆုရရှိသော မြို့နယ်မီးသတ်စခန်းများအားလည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များတွင် ၂၅ နှစ်ကျော် စေတနာ၊ ဝါသနာ၊ အနစ်နာခံလျက် ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊တိုင်းကိုယ်စားပြု အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ တပ်စိတ်အလိုက် စစ်ရေးပြပြိုင်ပွဲ၌ ဆုရရှိသည့် အဖွဲ့များအားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးအရန် မီးသတ်တပ်ဖွဲ့ဝင်များမှ အပေါ့စားမီးသတ်စက် စွမ်းရည်ပြိုင်ပွဲ၌ ဆုရရှိကြသည့်အဖွဲ့များအားလည်းကောင်း၊ ယူနီဖောင်းဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မီးသတ်စက်ကြီးပြိုင်ပွဲတွင် ဆုရရှိကြသည့် အဖွဲ့များအားလည်းကောင်း၊ စစ်ရေးပြလေ့ကျင့်ရေးဆုရသည့် မြို့နယ်များအားလည်းကောင်း သက်ဆိုင်ရာဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်မှတ်များနှင့် ဒိုင်းဆုများကို အသီးသီး ချီးမြှင့်ပေးအပ်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၆-၅-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၁၅ ၁၁။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၂၈)
- ၁၉:၃၀ ၁၅။ ကြည်နူးချမ်းမြေ့ ပျော်ပျော်ရွှင်ရွှင် အမျိုးသား ကန်တော်ကြီး ဥယျာဉ် (ပြင်ဦးလွင်) (အပိုင်း-၂)
- ၁၉:၄၅ ၁၆။ မြန်မာ့ရိုးရာ ခြင်းလုံးအားကစား
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"ဆန်ရေ"** (အပိုင်း-၂) ညွှန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဝိဇာတမင်္ဂလာနှင့် အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ကျေးဇူးတော်ရှင် မဟာဗောဓိ ဆရာတော်ဘုရား၏ သက်တော်(၆၈)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲမင်္ဂလာကို မဟာဗောဓိ ပရိယတ္တိသာသနာပြုအသင်းက ဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ မေ ၁၄ ရက် (စနေနေ့)တွင် မြတ်စွာဘုရားရွှေကျောင်းတော်ကြီး၌ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

OK Myanmar Co., Ltd. မှ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)က ဂျာမနီနိုင်ငံက ထုတ်လုပ်သည့် ငွေကျပ် ၄၆ သိန်းကျော် တန်ဖိုးရှိ AFT အဆင့်မြင့်မီးသတ်ပစ္စည်းကိရိယာကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်စဉ်။ (မီးသတ်ဦးစီး)

မီးသတ်ဦးစီးဌာနသို့မီးသတ်ပစ္စည်းကိရိယာပေးအပ်လှူဒါန်း

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ OK Myanmar Co., Ltd.က AFT အဆင့်မြင့်မီးသတ်ပစ္စည်းကိရိယာလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့် အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် OK Myanmar Co., Ltd. မှ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ် (ငြိမ်း)က ဂျာမနီနိုင်ငံက ထုတ်လုပ်သည့် ငွေကျပ် ၄၆ သိန်းကျော်တန်ဖိုးရှိ AFT အဆင့်မြင့်မီးသတ်ပစ္စည်းကိရိယာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်ဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံလေ့လာ

ရန်ကုန် မေ ၅

ရန်ကုန်မြို့၌ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာဝန်ကြီး Hon. Michael T.Defensor နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သစ်တောရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးမြို့ရှိ Chin Su May Flower Co. သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံသို့ ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ကျောက်မျက်ရတနာပြခန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာဝန်ကြီး Hon.Michael T.Defensor နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ပဲခူးမြို့ရှိ Chin Su May Flower Co. သစ်အခြေခံ စက်မှုလုပ်ငန်းစက်ရုံတွင် လေ့လာကြည့်ရှုစဉ်။ (သစ်တောရေးရာ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ် ၅၀ (သုံးလွှာ) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်နေ ကိုကျော်မိုးအောင် (Pacific Int'l Lines Pte., Ltd. Singapore)–မမိုးသန္တာ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒုတိယဝန်ကြီး ဦးတင့်ဆွေ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ မြန်မာ–တရုတ်ပွဲ့ဖြိုးမှုဇုန်အဆင့်မြင့်ဆွေးနွေးပွဲတက်ရောက်ခဲ့

ရန်ကုန် မေ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင့်ဆွေ ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ဦးပါဝင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဧပြီ ၂၀ရက်မှ မေ ၃ရက်အထိ ကျင်းပခဲ့သည့် တရုတ်–မြန်မာ ဖွံ့ဖြိုးမှုဇုန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး မေ ၄ရက်ညပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးတင့်ဆွေအားဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးနှင့် ဝန်ကြီးဌာနတို့မှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦး စုစုပေါင်း အဖွဲ့ဝင် ၁၅ဦး ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်လေ့လာရေးအဖွဲ့ဝင်များ တနင်္သာရီတိုင်းလေ့လာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများ အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ တနင်္သာရီတိုင်း မြိတ်မြို့သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၂ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ဆိတ်ငယ်ဖောတံတားမှ ပြည့်ဖြိုးထွန်းစက်လှေဖြင့် ကျွန်းစုမြို့နယ် ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာကုမ္ပဏီ၏ တန် ၃၅၀ ဆံ့ အအေးခန်းနှင့် တန် ၅၀ကျ ရေခဲစက်ရုံတို့ကိုလည်းကောင်း၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ပုစွန် တန် ၁၀၀၀ အအေးခန်းစက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြပြီး မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမြန်ရေယာဉ်ဖြင့် ထားဝယ်မြို့သို့ ထွက်ခွာခဲ့ရာ လမ်းခရီး၌ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ရှင်မုတ္တီးဘုရားအားလည်းကောင်း၊ လောကသရဖူလျောင်းတော်မူဘုရားအားလည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် လေ့လာရေး အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ ပုလုံးတုံးတုံးကျွန်းရှိ အမှတ် (၁၁)ရပ်ကွက်သို့ သွားရောက်ပြီး ကမ်းခြေတစ်လျှောက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက်လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ်မှတစ်ဆင့် ယုဇနဆီအုန်းကုမ္ပဏီ လီမိတက်သို့ရောက်ရှိ၍ ကုမ္ပဏီအတွင်း ဆီအုန်းပင်များကို အမှတ်တရစိုက်ပျိုးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ကယားပြည်နယ်သို့ ရောက်ရှိလေ့လာ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်၃၂ ဦးတို့သည် ကယားပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ် ဦးဆောင်လိုက်ပါလျက် မိတ္ထီလာမြို့စုရပ်မှ မေ ၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းအတွင်းရေးမှူး ဦးကျော်ဆွေ၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များက ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြိုဆိုနှုတ်ခွန်းဆက် အခမ်းအနားကို အဆိုပါအသင်းရုံး ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးကျော်ဆွေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကယားပြည်နယ် လွိုင်ကော်မြို့ ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)အားလည်းကောင်း၊ ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်အားလည်းကောင်း သွားရောက်ဖူးမြော်ကြပြီး အလှူငွေများကို လှူဒါန်းကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် နံနက်ပိုင်းတွင် ငွေတောင်ဆည်သို့လည်းကောင်း၊ ထီးပွင့်ကန်သို့ လည်းကောင်း၊ အမှတ်(၁)ဘီလူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း၊ အမှတ်(၂)ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဇိမာန်သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

သစ်ပင်စိုက်ပျိုးပေး

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမသို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်း လူငယ်အဖွဲ့ဝင်များ အပြန်အလှန် ဆွေးနွေးပွဲ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်း တက်ရောက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မေ၄ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာ၌ ကျင်းပသော ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း သစ်ပင်စိုက်ပွဲတော်တွင် ပါဝင်၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**

မေ ၃ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်များ အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း၌ လေ့လာရေးခရီးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များ မုံရွာမြို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကွန်ပျူတာအထောက်အကူပြု ဆေးမှတ်တမ်းသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် ကွန်ပျူတာအထောက်အကူပြု ဆေးမှတ်တမ်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ် Dr. Stephan P.Jost နှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက အမှာစကားပြောကြားသည်။ သင်တန်းကို မေ ၁၉ ရက်အထိ စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ပြီး ပြည်နယ်၊တိုင်းနှင့် ခရိုင်များရှိ ဆေးရုံ ၂၁ ရုံမှ သင်တန်းသားများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဧပြီ ၂၅ ရက်က ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အခြေခံပညာမူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို သာကေတ မြို့နယ် အမက (၁၁) ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းညွှန့် ကစတုတ္ထတန်းကျောင်းသား မောင်စံလင်းအား လက်မှတ်ပေးအပ်စဉ်။ (က–ပ)

မွေးမြူရေးစခန်းအလိုက် ငါးကန်များတိုးချဲ့တူးဖော် ခေတ်မီမွေးမြူရေးနည်းစနစ်များ ပေါင်းစပ်ဆောင်ရွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မွေးမြူရေးစခန်းများ တိုင်းမှူးစစ်ဆေးမှာကြား

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရှိ အမှတ်(၁)မွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဗိုလ်ကြီးဝင်းဇင်မောင်က စခန်းအတွင်း အသားစားကြက်ကောင်ရေ ၂၀၀၀၀ ကျော် မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေ၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကြက်ပိဿာချိန် ၁၂၂၈၆၂ဒသမ ၂၉ ပိဿာ ထုတ်လုပ်နိုင်ခဲ့မှုနှင့် ယခင်နှစ်ကထက် ပိဿာချိန် ၆၀၀၀ ကျော် တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အသားစားကြက်များ ပိုမိုမွေးမြူထုတ်လုပ်နိုင်ရေးနှင့် ကြက်များကူးစက်ရောဂါ ကင်းရှင်းစေရေးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကြက်ခြံများအတွင်းအသားစားကြက်များမွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဗိုလ်မှူးသက်လှိုင်က ငါးမွေးမြူ ထုတ်လုပ်ရောင်းချလျက်ရှိသည့် အခြေအနေ၊ ငါးသားပေါက်များ သားဖောက်ထုတ်လုပ်ရောင်းချလျက်ရှိသည့် အခြေအနေ၊ ငါးမွေးမြူရေးစခန်းအလိုက် ငါးကန်များတူးဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မိဘမျိုးရိုး အီဆာနီယိုဘရောင်း ဥစားမျိုးကြက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မွေးမြူရေး စခန်းများအလိုက် ငါးကန်များ တိုးချဲ့တူးဖော်၍ ခေတ်မီမွေးမြူရေး နည်းစနစ်များပေါင်းစပ်ကာ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုပံ့ပိုးဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် ရန်ကုန်မြို့တော်နေ ပြည်သူများ၏ အသား၊ ငါး လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ မွေးမြူရေးစခန်းများဖွင့်လှစ်ပြီး အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့်ငါးများမွေးမြူကာ ရန်ကုန်မြို့တွင်းရှိ အခွန်လွတ်ဈေးများသို့ ကြက်သား၊ ကြက်ဥ၊ငါးများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တိုင်းမွေးမြူရေးခြံအတွင်း ဝက်များမွေးမြူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုညာရာမဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၅

သာကေတမြို့နယ် (၉) ရပ်ကွက် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်အရှင်ပုညာနန္ဒသည် မေ ၉ ရက်နှင့် ၁၀ရက် ညနေပိုင်းတွင် ပန်းတောင်းမြို့တရားစခန်း၊ ၁၅ရက်မှ ၂၄ ရက် အထိ ၁၀ရက် တရားစခန်းကို သာကေတမြို့ ပုညာရာမ မိုးကုတ်ကျောင်းတိုက်၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ရာ မေ ၁၄ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ကမ္ဘာ့ကြက်ခြေနီနေ့ စစ်ရေးပြနှင့်သူနာပြု စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့်သူနာပြုစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီတပ်ဖွဲ့များက ပါဝင်ယှဉ်ပြိုင်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲများ မစတင်မီ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟိုဦးစီးမှူးချုပ် ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း) က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို ကျင်းပရာ စစ်ရေးပြပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းများမှ အမျိုးသားလေးသင်းနှင့် အမျိုးသမီးလေးသင်းတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ရှေးဦးသူနာပြု တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ စွမ်းရည်ပြိုင်ပွဲနှင့် လေးယောက်တွဲ စွမ်းရည်ပြိုင်ပွဲ၊ လူထုအတွင်း ရှေးဦးပြုစုနည်း စွမ်းရည်ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းအသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုရရှိသော တပ်ဖွဲ့များကို မေ ၈ရက်တွင် သူနာပြုတက္ကသိုလ်၌ပြုလုပ်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

တက်ရောက်လေ့လာ

အဆိုပါပြိုင်ပွဲသို့ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၅သို့တက်ရောက်လျက်ရှိကြသည့် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များတက်ရောက်လေ့လာကြသည်။**(သတင်းစဉ်)**

ဆာကူရာနည်းပညာဝန်ဆောင်မှုသမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအခမ်းအနားသို့ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းတက်ရောက်အားပေး

ရန်ကုန် မေ ၅

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက် ၉ နာရီခွဲက သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မင်္ဂလာတောင်ညွန့်မြို့နယ် ဆာကူရာနည်းပညာဝန်ဆောင်မှု သမဝါယမအသင်း လီမိတက် ဖွဲ့စည်းရေးအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ရန်ကုန်တိုင်း ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကား ပြောကြား သည်။

ထို့နောက်အသင်းဖွဲ့စည်းရန် ဆုံးဖြတ်ချက်နှင့်အသင်းစည်းကမ်းတို့ကို လည်းကောင်း၊ ဦးဌေးအောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်တို့ကိုလည်းကောင်း အတည်ပြုသည်။

ကတိသစ္စာပြု

ယင်းနောက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားစာရင်းစစ်တို့သည် သဘာပတိရှေ့မှောက်တွင် ကတိ သစ္စာပြုကြပြီး အသင်းဥက္ကဋ္ဌ ဦးဌေးအောင်က မိတ်ဆက်စကားပြောကြားသည်။

အဆိုပါ သမဝါယမအသင်းလီမိတက်သည် ကွန်ပျူတာနည်းပညာ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလက်မှု၊စက်ရုံ အလုပ်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းသား ၅၄ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ဆာကူရာနည်းပညာဝန်ဆောင်မှု သမဝါယမအသင်း ဖွဲ့စည်းရေးအခမ်းအနားတွင် ဒါရိုက်တာအဖွဲ့ဝင်များ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြစဉ်။ (သမဝါယမ)

World Red Cross Day-2005

ကမ္ဘာ့ကြက်ခြေနီနေ့

လူ့ဂုဏ်သိက္ခာကာကွယ်ရေး ကြက်ခြေနီက စွမ်းဆောင်ပေး

PROTECTING HUMAN DIGNITY

၂၀၀၅ခုနှစ်၊ မေလ (၈)ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၅

မေလ (၄)ရက်မှ (၁၀)ရက်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

❐ ***ကျောဖုံးမှ***

ဂါရဝပြုတွေ့ဆုံ

အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt. Gen, Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဂါရဝပြုတွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အတူ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra လည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt. Gen, Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်း၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့်ဇနီး၊ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် ဇနီးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ကြိုဆို

အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့် ဇနီး Mrs.Mohini Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

● ***ကျောဖုံးမှ***

ရေကူးဆောင်ရွက်ပေးနိုင်မည့် ဆည်အစုအဖွဲ့တွင်ပါဝင်သော တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားသည့် ရေလှောင်တမံ စီမံကိန်းများနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ဝါးကတုတ်ရေလှောင်တမံစီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေးနှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

နွေစပါးစိုက်ပျိုးနိုင်ရေး

အဆိုပါ ဝါးကတုတ်ရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ၏ အထက်ဘက် လေးမိုင်အကွာ မိုးယွန်းကြီးအင်းအတွင်းသို့ တိုက်ရိုက်စီးဝင်သည့် ဝါးကတုတ်ချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မိုးယွန်းကြီးအင်းအတွင်းသို့ နွေရာသီတွင် ရေဖြည့်ပေး၍ နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး ရေလှောင်တမံအမြင့်မှာ ၈၆ပေ၊ အလျားပေ၆၄၀၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၃၂၆၀၀ဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျားမှာ ၂၅၅ပေဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ ပေ၃၀ဖြစ်သည်။

အထောက်အကူပြု

ဝါးကတုတ်ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် မိုးယွန်းကြီးအင်းအတွင်းသို့ စီးဝင်မည့်ရေများကို မိုးရာသီအတွင်း သိုလှောင်ထားပြီး နွေရာသီတွင် မိုးယွန်းကြီးအင်းအတွင်းသို့ တိုက်ရိုက်ထိန်းညှိလွှတ်သွင်းပေးနိုင်ခြင်းဖြင့် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့တော်(အရှေ့ခြမ်း)မိုင်၃၀ပတ်ဝန်းကျင်အမြဲတမ်း စိမ်းလန်းစိုပြည်ရေးနှင့် နွေစပါးအပါအဝင် နွေသီးနှံစိုက်ပျိုးရေးစီမံချက်ကို အထောက်အကူပြု အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ–ပီနန် စီးပွားရေးအခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၅

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မလေးရှားနိုင်ငံ ပီနန်ပြည်နယ် အစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံရုံးတို့ ပူးပေါင်းပြုလုပ်သည့် မြန်မာ–ပီနန်စီးပွားရေးအခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မလေးရှားနိုင်ငံ ပီနန်ပြည်နယ် အစိုးရ၏ Deputy Chief Minister နှင့် Entrepreneur and Cooperative Development Minister Dato' Abdul Rashid Abdullah၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပီနန်စီးပွားရေးကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပီနန်ပြည်နယ် အစိုးရ၏ Deputy Chief Minister Dato' Abdul Rashid Abdullah က နှုတ်ခွန်းဆက်စကား ပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကျင်းပ

ထို့နောက် မြန်မာ–ပီနန် စီးပွားရေး အခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကိုကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ၂၉ရက်က မြောက်ဥက္ကလာပ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄–၂၀၀၅ပညာသင်နှစ် အထက်တန်းဆင့်၊ အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးက အဋ္ဌမတန်းကျောင်းသူ မထက်ထက်ထွန်းအား လက်မှတ်ချီးမြှင့်စဉ်။ (က–ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ နေရာမှန်သို့ ပို့ဆောင်အပ်နှံရေး

အကြောင်းတစ်ခုခုကြောင့် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို မတော်တဆ တွေ့ရှိရတတ်သည်။ ဥပမာ– ရေစားကမ်းပါးပြို၍ ဖြစ်စေ၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးရန်အတွက် မြေကြီးကို ထွန်ယက်ရာ၊ တူးဆွရာမှ ဖြစ်စေ၊ တောတောင်ဒေသများသို့ အကြောင်းတစ်ခုခုကြောင့် ခရီးသွားရာမှ ဖြစ်စေ မမျှော်လင့်ဘဲ အမှတ်မထင် တွေ့ရှိရတတ်ပေသည်။

"မန္တလေးတိုင်း အမရပူရမြို့နယ် တံခွန်တိုင်အနီးတွင် အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြေများကိုညှိစဉ် ကြေးသွန်းနတ်ရုပ်များကို တွေ့ရှိရသဖြင့် အလုပ်ရုံမှ တာဝန်ရှိသူများက မန္တလေး ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လိုက်သည်ဟု သိရသည်။ မြေအောက်မှ တွေ့ရှိရသည့် ကြေးသွန်းနတ်ရုပ်များကို ဘေးရန် အတားအဆီးအဖြစ် မြို့ရိုးလေးဖက်တွင် မြှုပ်နှံလေ့ရှိကြောင်း ရှေးဟောင်း သုတေသနဌာနက ခန့်မှန်းထားသည်။ သက္ကရာဇ် ၉၆၀ ညောင်ရမ်းမင်း လက်ထက် အင်းဝမြို့တည် ကာလ ဘားမဲ့ဆရာတော်စီရင်သည့်စာတမ်း၊ သက္ကရာဇ် ၁၁၂၅ ခုနှစ် ဆင်ဖြူရှင်မင်းလက်ထက် အင်းဝမြို့ကို ထပ်မံတည်ဆောက်တော်မူသည့် စာတမ်းနှင့် သက္ကရာဇ် ၁၁၄၄ ခုနှစ် ဘိုးတော်မင်းတရားလက်ထက် အမရပူရနန်းမြို့ တည်တော်မူသည့် စာတမ်းများတွင် နတ်ရုပ်များကို ကြေးဖြင့် သွန်းလုပ်ရမည်ဟု ဖော်ပြပါရှိသည်ဟု သိရ၏။"

"ရှေးနှစ်ပေါင်း ၂၀၀ခန့်လောက်က မြန်မာမင်းများအသုံးပြုခဲ့သော ရှေးဟောင်းငွေဒင်္ဂါးများကို သံတွဲမြို့မှ တစ်မိုင်ခန့်ကွာဝေးသည့် ရွှေကျောင်းပြင်ရွာ ဂျိတ်ကတောင်ဘုန်းကြီးကျောင်း တောင်ခြေရင်းရှိ မန်ကျည်းပင်အောက်နား၌ တွေ့ရှိရသည်။ တွေ့ရှိသူမှာ ထိုဘုန်းကြီးကျောင်းအနီးတွင် နေထိုင်သော ဦးမောင်ကြွယ်–ဒေါ်မကောက်တို့၏သားငယ် အသက် ၁၁ နှစ်ရှိသူ မောင်မြင့်မောင်ဖြစ်၏။ ငါးမျှားရန် ခရုများရှာဖွေရာမှ ငွေဒင်္ဂါးတစ်ပြားကိုတွေ့မြင်၍ ကောက်ယူလိုက်သည်တွင် တွင်းပေါက်တစ်ခုပေါ်လာပြီး ယင်းတွင်းထဲမှ ငွေဒင်္ဂါးများ အထပ်လိုက်ပေါ်လာသည်။ ဆက်လက်တူးဖော်ရာ ငွေဒင်္ဂါး ၈၂ ပြားရရှိသည်။ အဆိုပါ ရှေးဟောင်းဒင်္ဂါးများမှာ အဝိုင်းပုံဖြစ်ပြီး တစ်ဖက်စီတွင် ရှေးဟောင်းစာပေများ ရေးသားထားသည်။ ဒင်္ဂါးအပေါ်ပိုင်းတွင် ၁၁၄၆ ဟု ပါရှိပြီး အောက်တွင် အမရပူရဆင်သူမရှင်(ဝါ)ဆင်ဖြူများရှင်ဟု စာလုံးများ ရေးသားထားသည်ကို မပီမသ တွေ့ရှိရပေသည်။ ဒင်္ဂါးအလေးချိန်မှာ တစ်ကျပ်သားတွင် သုံးမွေးခန့်လျော့နေသည်။

"တွံတေးမြို့ သာသနာ့ဝေပုလ္လရွာ ကွမ်းခြံကျောင်းအတွင်းရှိ စေတီဟောင်းကို ပြုပြင်ရာ မွန်ကျောက်စာတစ်ချပ်၊ ရှေးဟောင်းအုတ်ခွက်ဘုရားနှင့် ဆင်းတုတော်များကို တူးဖော်ရရှိသည်။ ယင်းကျောက်စာမှာ စာကြောင်းရေခြောက်ကြောင်းရှိပြီး သက္ကရာဇ် ၈၆၀တွင် သူတော်ကောင်းတို့က ဌာပနာတည်ထားကိုးကွယ်ကြကြောင်း ရေးထိုးထားသည်။ အုတ်ခွက်တို့တွင် ရှေးကျသော လက်ရာပါရှိ၍ ခေတ်လယ်မွန်စာပေကို လေ့လာရန် များစွာအထောက်အကူရသည်။ ထို့အပြင် အစောပိုင်းကာလ မြန်မာနိုင်ငံ၏ ယုံကြည်မှုဆိုင်ရာ ယဉ်ကျေးမှုသရုပ်များကို ဖော်ပြသောကြောင့် သမိုင်းတန်ဖိုးများစွာ ရှိသည်ဟု ဆို၏။"

"ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနောက်ဘက်တွင် မိုးရွာ၍ တောင်ပြိုကျသော နေရာသို့ တောင်ပို့မှိုရှာရန်သွားသော ရမ်းဗြဲမြို့ ရွှေတုံးရပ်နေ မနှင်းအေးသည် ရှေးနှစ် ၅၀၀ ကျော်ခန့်ကဟု ခန့်မှန်းရသော ရခိုင်အမျိုးသမီးများ ဝတ်ဆင်သည့် ငွေလက်ကောက် သုံးကွင်းကို တွေ့ခဲ့ရသည်။ ထိုလက်ကောက်တို့မှာ အလေးချိန်အားဖြင့် ၂၀ ကျပ်သားခန့်လေးပြီး ငွေစစ်စစ်ကို အနုပညာ လက်ရာမြောက်အောင် ထုလုပ်ထားသော ပစ္စည်းများဖြစ်သည်။"

"မကွေးတိုင်းနတ်မောက်မြို့ အရှေ့တောင်ဘက်မိုင် ၂၀ခန့် အကွာ ဥယျာဉ်ကုန်းကျေးရွာတွင် တောင်သူကိုချက်ဖောင်းနှင့် မချီခြင်းတို့သည် ယာထွန်နေခိုက် ထွန်သွားဖြင့် ငြိတွယ်ပါလာသော အချိန် ၁ ပိဿာ ၇၅ ကျပ်သားရှိ ရွှေလင်ပန်းတစ်ချပ်ရရှိ၏။ နောက်ထပ် တူးဖော်ရာတွင် ရွှေလင်ပန်း တစ်ချပ် ထပ်မံတွေ့ရှိခဲ့ကြပြန်သည်ဟု သိရ၏။"

ခရမ်းမြို့နယ်တွင် မြေကြီးထွန်ယက်ရာမှ မတော်တဆ တွေ့ရှိပြီး အမျိုးသားပြတိုက်သို့ လှူဒါန်းခဲ့သော ဟံသာဝတီခေတ်လက်ရာ မြေထည်များ။

"မန္တလေးတိုင်း အမရပူရမြို့ တောင်သမန်အင်းစောင်းရှိ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကျောင်းသစ်ဆောက်ရန် မြေတူးဖော်စဉ် အောက်မြေလွှာ ငါးပေခန့်မှ ကျောက်ခေတ်သစ်လက်နက်များဖြစ်သော ကျောက်ပုဆိန်၊ ကျောက်လှံသွားအချို့နှင့် အတူ အမြောင့်ကိုးလက်မပါရှိသော ကျောက်ကွင်းတစ်ခုကို ရရှိသည်။"

အထက်ပါတို့မှာ စာရေးသူ ဖြတ်ညှပ် သိမ်းဆည်းထားခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်းအတန်ကြာကာလမှ သတင်းစာမှတ်တမ်းအချို့ကို ကောက်နုတ်တင်ပြလိုက်ခြင်း ဖြစ်သည်။ ရှေးဟောင်းပစ္စည်းများကို ဤကဲ့သို့ မတော်တဆ တွေ့ရှိခဲ့ကြသည့် ဖြစ်စဉ်များသည် နိုင်ငံနှင့်အဝန်း အတော်များများ ရှိခဲ့၏။ ယခင်က တွေ့ရှိခဲ့ကြ

မနုသသကျော်ဝင်း

သလို ယခုလည်း ဆက်လက်တွေ့ရှိနေကြပြီး နောင်တွင်လည်း ဆက်လက်တွေ့ရှိကြရဦးမည် ဖြစ်သည်။ ဤသို့ တွေ့ရှိရမှုများနှင့် ပတ်သက်သည့် သတင်းများကို သက်ဆိုင်ရာဌာနမှ ကြားသိခဲ့ရသည်လည်းရှိ၏။ မကြားသိလိုက်ရဘဲ အစပျောက်သွားရသည့် ဖြစ်ရပ်များလည်းရှိသည်။ တာဝန်သိသူများ၏ သတင်းပေးပို့မှု၊ လွှဲပြောင်းပေးအပ်မှုတို့ကြောင့် ပစ္စည်းမှန်နေရာမှန် ရောက်ရှိခဲ့ကြရသည်များလည်းရှိ၏။ တာဝန်မဲ့သူနှင့် ဝိသမသမားတို့ကြောင့် ဆုံးရှုံးသွားခဲ့ရသည်များလည်း မနည်းလှတော့ပြီ။

တာဝန်သိသိဖြင့် ပစ္စည်းမှန်ကို နေရာမှန်သို့ ပို့ဆောင်ပေးအပ်သည့် လုပ်ဆောင်ချက်၏ ရလဒ်ကား အလွန်ပင်ကောင်းမွန်လှ၏။ အကျိုးရှိလှ၏။ သာဓကအချို့ကို တင်ပြပါမည်။ ၁၉၆၉ ခုနှစ်က ဓနုဖြူမြို့၌ မြစ်အတွင်း ရေဆင်းချိုးရင်း ရွှေစလွယ်၊ရွှေဖလား၊ ရွှေထုံးဘူးနှင့် ရွှေဇွန်းတို့ကို ကျောင်းသားလေးအချို့က ရရှိခဲ့သဖြင့် တာဝန်သိသူများမှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပို့အပ်လှူဒါန်းခဲ့၏။ ထိုသို့လှူဒါန်းမှုအတွက် တွေ့ရှိသူ ကျောင်းသားလေးများအား ထိုက်တန်စွာ ဆုကြေးချီးမြှင့်ခဲ့၏။ ယင်းရှေးဟောင်း ရွှေထည်ပစ္စည်းများကိုလည်း ၁၉၇၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် အခြားမင်းခမ်းတော်ပစ္စည်းများ၊ နန်းတွင်းပစ္စည်းများနှင့် ယှဉ်တွဲ၍ ခမ်းနားထည်ဝါစွာ ပြသထားနိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်၏။ အလားတူပင် မြင်းမူမြို့နယ် ဦးနှောင်းကုန်းကျေးရွာ၌ လယ်သမားကြီးတစ်ဦး တူးဖော်တွေ့ရှိခဲ့ရသော ပျူခေတ်နရားလက်ကောက်နှင့် ပစ္စည်းအချို့တို့လည်း ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ပို့အပ်လှူဒါန်းခဲ့သဖြင့် ထိုက်တန်စွာဆုကြေးချီးမြှင့်ခံခဲ့ရသည်။ ယင်းရှေးဟောင်းအမွေအနှစ် ပစ္စည်းများကိုလည်း အမျိုးသားပြတိုက်၌ ဂုဏ်ယူဖွယ်ရာ ခင်းကျင်းပြသထားနိုင်ခဲ့ရသည်။

တာဝန်မဲ့စွာပြုကျင့်မှု၊ ဝိသမလောဘတက်မှုတို့ကြောင့် နိုင်ငံအတွက်ရော ကာယကံရှင်တို့အတွက်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုအချို့ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရဖူးသည်။ သာဓကအားဖြင့် ၁၉၈၆ခုနှစ်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးရွာတစ်ရွာမှ ရွာသားအချို့သည် မြွေတစ်ကောင်ကို လိုက်ရိုက်ရင်း မြွေတွင်းကိုတူးဆွရာမှ ရှေးဟောင်းရွှေထည်၊ ငွေထည်ပစ္စည်း အတော်များများကို တွေ့ရှိခဲ့ကြရသည်။ ယင်းပစ္စည်းတို့မှာ ရှေးမြန်မာမင်းများလက်ထက် မြို့ဝန်အဆင့် ပုဂ္ဂိုလ်အသုံးပြုခဲ့ဟန်ရှိသော အဆောင်အယောင်နှင့် အဆင်တန်ဆာပစ္စည်းများ ဖြစ်ကြ၏။ လည်ဆွဲ၊ လည်တံ၊ ဘယက်၊ ရွှေသေတ္တာငယ်၊ ရွှေနားတောင်း၊ ရွှေထုံးဘူး စသော ပစ္စည်းမျိုးတွေဖြစ်ကြ၏။ သို့ရာတွင် တွေ့ရှိသူတို့က အဆိုပါ ရှေးဟောင်းအမွေအနှစ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ထုခွဲဖျက်ဆီး၊ အရည်ကျိုရောင်းချခဲ့ကြ၏။ သက်ဆိုင်ရာမှ သတင်းရပြီး လိုက်လံသိမ်းဆည်းချိန်၌ ပစ္စည်းအတော်များများတို့မှာ မူလပုံစံမဟုတ်တော့ဘဲ ပျက်စီးခဲ့ရသည်။ သို့နှင့်ပစ္စည်း အနည်းအကျဉ်းလောက်သာ မူလပုံသဏ္ဌာန်အတိုင်း နေရာမှန်သို့ ရောက်ရှိခဲ့ရပြီး အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားနိုင်ခဲ့ရ၏။ ယင်းသို့ မလျော်ကန်သော လုပ်ရပ်ကြောင့် ပြစ်မှုကျူးလွန်သူတို့သည် တရားဥပဒေအရ အရေးယူ အပြစ်ပေးခံခဲ့ရ၏။ **တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်လက်ရာပစ္စည်း အတော်များများတို့မှာ ပုံပျက်ပန်းပျက်ဘဝသို့ ရောက်ရှိခဲ့ရ၏။ နေရာမှန်သို့ ရောက်ရှိခဲ့သော်လည်း ပြသရန်အခြေအနေ မရှိတော့၍ ပစ္စည်းသိုလှောင်ခန်း၌သာ သိမ်းဆည်းထားခြင်း ခံခဲ့ရတော့သည်။ အကယ်၍သာ ထိုပစ္စည်းတို့ကို မူလတွေ့ရှိသူတို့က အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် နေရာမှန်သို့ တာဝန်သိသိ ပို့အပ်ခဲ့မည်ဆိုပါလျှင် ရွှေထည်၊ ငွေထည်တို့၏ ခေတ်ပေါက်ဈေးအပြင် သမိုင်းခေတ်ဆိုင်ရာ ဆောင်းငွေကိုပါ ပေါင်းစပ်၍ ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်ခြင်း ခံကြရမည့်အပြင် နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှင့်မှုကိုလည်း ခံယူကြရပေမည်။** သူတို့လှူဒါန်းသည့် ရှေးဟောင်းအမွေအနှစ် ပစ္စည်းတို့ကိုလည်း အမျိုးသားပြတိုက်ကြီးထဲ၌ ခမ်းနားထည်ဝါ ဂုဏ်ယူဖွယ်ရာ ခင်းကျင်းပြသထားနိုင်မည်သာ ဖြစ်သည်။

နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက်ဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို နေရာမှန်သို့ ပို့ဆောင်အပ်နှံကြရပါမည်။ ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ကို ကျေပွန်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်လက်ရာပစ္စည်း အတော်များများတို့မှာ ပုံပျက်ပန်းပျက်ဘဝသို့ ရောက်ရှိခဲ့ရ၏။ နေရာမှန်သို့ရောက်ရှိခဲ့သော်လည်း ပြသရန်အခြေအနေ မရှိတော့၍ ပစ္စည်းသိုလှောင်ခန်း၌သာ သိမ်းဆည်းထားခြင်း ခံခဲ့ရတော့သည်။ အကယ်၍သာ ထိုပစ္စည်းတို့ကို မူလတွေ့ရှိသူတို့က အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် နေရာမှန်သို့ တာဝန်သိသိ ပို့အပ်ခဲ့မည်ဆိုပါလျှင် ရွှေထည်၊ ငွေထည်တို့၏ခေတ်ပေါက်ဈေးအပြင် သမိုင်းခေတ်ဆိုင်ရာ ဆောင်းငွေကိုပါ ပေါင်းစပ်၍ ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်ခြင်း ခံကြရမည့်အပြင် နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှင့်မှုကိုလည်း ခံယူကြရပေမည်။

အင်းစိန် အမက(၁)ဗဟို၂၀၀၄–၂၀၀၅ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က စတုတ္ထတန်း(ဂ)မှ မသဉ္ဇာဝင်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၆–၅–၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	၂၀၀၅ ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	မနီတို့ရွာနဲ့မြစ်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	ငါးမွေးမြူရေးလုပ်ငန်း (သုံးခွကျွန်း)စိုက်ပျိုးမွေးမြူရေးစခန်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မေးသမျှဖြေရအောင်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အေရိုးဗစ်ပြိုင်ပွဲ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	မြစ်ကိုမြင်လျှင် တံတားဆင်
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ
၁၀း၄၅	Thank You Dolphin
၁၀း၅၅	သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မေလအတွက်

(၈–၅–၂၀၀၅) ရက်နေ့

နှင့်

(၂၉–၅–၂၀၀၅) ရက်နေ့

ကမ္ဘာတစ်လွှား အားကစား

အဝေးကွင်းသွင်းဂိုးဖြင့် အေစီမီလန် ချန်ပီယံလိဂ်ဗိုလ်လုပွဲတက် ပီအက်စ်ဗွီတို့အနိုင်ရသော်လည်း ဗိုလ်လုပွဲနှင့် ဝေးခဲ့ရ

အင်ဒိုဗင် မေ ၅

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ဒုတိယအကျော့ နောက်ဆုံးပွဲစဉ်အဖြစ် စီးရီးအေထိပ်သီး အေစီမီလန်နှင့် ဒတ်ချ်ချန်ပီယံ ပီအက်စ်ဗွီတို့ ပီအက်စ်ဗွီကွင်း ဖီးလစ်၌ မေ ၄ ရက်က ယှဉ်ပြိုင်ကစားရာ ပီအက်စ်ဗွီတို့က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသော်လည်း အဝေးကွင်း သွင်းဂိုးရလဒ်အရ အေစီမီလန်တို့ ကံကောင်းထောက်မစွာ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီ ဖြစ်သည်။

အေစီမီလန်တို့က ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်အဖြစ် အိမ်ကွင်း ဆန်ဆီရို၌ ပီအက်စ်ဗွီကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ ယခု အဝေးကွင်းတွင်လည်း ပီအက်စ်ဗွီကို တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး–တစ်ဂိုးဖြင့် ပီအက်စ်ဗွီတို့ နိုင်ခဲ့သော်လည်း ပီအက်စ်ဗွီတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲနှင့် ဝေးခဲ့ရခြင်း ဖြစ်သည်။

ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုးပြတ်ရှုံးခဲ့ရသော ပီအက်စ်ဗွီတို့က ဒုတိယအကျော့ အိမ်ကွင်းအဖြစ် လက်ခံကစားရသည့်ပွဲတွင် အေစီမီလန်ကို ဂိုးပြတ်သွင်း အနိုင်ယူနိုင်ရေးအတွက် အကောင်းဆုံးလူများဖြင့် ပွဲထုတ်ကစားခဲ့ရာ ရှေ့တန်းတွင် ဟက်ဆယ်လင့်၊ ဖာဖန်၊ ဗိုဂယ်၊ ဘွန်မဲလ်တို့ကိုထားကာ အလယ်တန်းတွင် ကိုကူးနှင့် ဂျေဆောင်ပတ်စ်တို့ကို ရှေ့နောက်ကစားစေပြီး တိုက်စစ်ကို ဝန်းရံစေခဲ့သည်။ နောက်တန်းတွင် ဘောမား၊ ကောစ်တာ၊ ယောင်ပြူလီနှင့် လူစီယပ်စ်တို့ဖြင့် အမာခံတည်ဆောက်ပြီး တိုက်စစ်ဖွင့်ကစားခဲ့သည်။

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဗွီနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်အတွက် တစ်လုံးတည်းသောဂိုးကို အန်ဘရိုဆီနီ(၀)က ဤသို့ ခေါင်းတိုက်သွင်းလိုက်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပွဲစကတည်းကပင် ပီအက်စ်ဗွီတို့က အပေးအယူ အချိတ်အဆက် လျင်လျင်မြန်မြန်ဖြင့် ထိုးဖောက်ကစားပြီး အဖွင့်ဂိုး စောစီးစွာရရှိရေး အပြင်းအထန်ကြိုးစားခဲ့ရာ ပွဲချိန် ၁၀ မိနစ်မှာပင် ပီအက်စ်ဗွီ တိုက်စစ်မှူး ဟက်ဆယ်လင့် ဖြတ်ပေးလိုက်သည့် ဘောလုံးကို တောင်ကိုရီးယား တိုက်စစ်မှူးနှင့် ပီအက်စ်ဗွီ အလယ်တန်းကစားသမားဖြစ်သူ ဂျေဆောင်ပတ်စ်က သွင်းယူခဲ့သဖြင့် ပီအက်စ်ဗွီတို့ အဖွင့်ဂိုး စောစီးစွာရရှိခဲ့ခြင်း ဖြစ်သည်။

ပီအက်စ်ဗွီတို့ တိုက်စစ်ကို ဖြတ်တောက်ဟန့်တားရင်း အေစီမီလန်တို့ တန်ပြန်တိုက်စစ်ဆင်ရာ အေစီမီလန် တိုက်စစ်မှူး ကာကာ အပိုင်ကန်သွင်းသည့်ဘောလုံးမှာလည်း တိုင်ထိ ထွက်သွားသဖြင့် နစ်နာခဲ့ရသည်။

ပီအက်စ်ဗွီတို့ ဂိုးထပ်မံရရှိရေး ထိုးဖောက်ကစားရာ ၂၇ မိနစ်တွင် ပြစ်ဒဏ်ရရှိသည့်ဘောလုံးကို ဘွန်မဲလ်ဂိုးရှေ့သို့ ကန်တင်ပေးလိုက်ရာ တိုက်စစ်မှူး ဟက်ဆယ်လင့် ခေါင်းတိုက်သွင်းသော်လည်း လွဲချော်သွားခဲ့သည်။

ပီအက်စ်ဗွီမှ ဟက်ဆယ်လင့်၊ ဖာဖန်၊ ဗိုဂယ်၊ ဘွန်မဲလ်၊ ဂျေဆောင်ပတ်စ်နှင့် ကိုကူးတို့က ခိုင်မာတောင့်တင်းသော အေစီမီလန် နောက်တန်းခံစစ်ကြောင်းကို နေရာမျိုးစုံမှ ထိုးဖောက်တိုက်စစ်ဆင်ရာ ၆၆ မိနစ်တွင် ပီအက်စ်ဗွီမှ ယောင်ပြူလီ ပေးလိုက်သည့်ဘောလုံးကို ကိုကူးက သွင်းယူသွားခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ချေပဂိုးရရှိရေး အေစီမီလန်တို့ ကစားအားတင် ကြိုးစားခဲ့သော်လည်း ပီအက်စ်ဗွီတို့က ဂိုးပြတ်သွင်းနိုင်ရေး အပြင်းအထန် ကြိုးစားကစားနေမှုကြောင့် အေစီမီလန်တို့ ရှေ့တန်းတိုက်စစ်ဆင်မှုအားနည်းလျက် ရှိနေသည်။ ပွဲပြီးဆုံးခါနီး မိနစ် ၉၀ တွင် အေစီမီလန် တိုက်စစ်မှူး ကာကာ ဝဲဘက်ခြမ်းမှ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို အန်ဘရိုစီနီက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ထပ်ဆောင်းပေးသည့် လေလွင့်ချိန်အတွင်း ပီအက်စ်ဗွီမှ ကိုကူးက တစ်ဂိုး ထပ်မံသွင်းယူပေးသော်လည်း အဝေးကွင်း သွင်းဂိုးရလဒ်အရ အေစီမီလန်တို့ ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ပီအက်စ်ဗွီတို့လည်း ဗိုလ်လုပွဲနှင့်ဝေးခဲ့ရပြီ ဖြစ်သည်။

အေစီမီလန်သည် ချန်ပီယံလိဂ် ဖလား လေးကြိမ်ရခဲ့ဖူးသော လီဗာပူးနှင့် လာမည့် မေ ၂၅ ရက်တွင် အစ္စတန်ဘူလ်မြို့၌ ချန်ပီယံလိဂ် ဗိုလ်လုပွဲနွှဲရတော့မည်ဖြစ်ရာ ချန်ပီယံလိဂ် ဘောလုံးရာသီ သုံးရာသီအတွင်း ဒုတိယအကြိမ်မြောက် ဗိုလ်လုပွဲသို့ အေစီမီလန်တို့ တက်ရောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ **(အင်တာနက်)**

ဖူဟမ်မှ မိုရစ်ဇ်(၀)၏ ထိုးဖောက်ကစားမှုကို နယူးကာဆယ်မှ အမီရိုဘီ လိုက်လံဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ်(၃၆)လက်ကျန်ပွဲစဉ် နယူးကာဆယ်က ဖူဟမ်ကို သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရ

လန်ဒန် မေ ၅

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၆) လက်ကျန်ပွဲအဖြစ် ဖူဟမ်နှင့် နယူးကာဆယ်အသင်းတို့ မေ ၄ ရက်က ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တန်းဆင်းဇုန်အပေါ်နားတွင်ရှိနေသော ဖူဟမ်တို့ အိမ်ကွင်း၌ အနိုင်ကစားရန် ကြိုးစားသော်လည်း ဧည့်သည် နယူးကာဆယ်မှ ကွင်းလယ်ကစားသမား အမ်ဘရိုစီက ၁၈ မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး တစ်ဂိုးအသာဖြင့် ပထမပိုင်းတစ်ချိန်လုံး ဦးဆောင်ကစားနိုင်ခဲ့သည်။

အလန်ရှီးယားမပါသည့် နယူးကာဆယ်၏ တိုက်စစ်ကို ကလွိုက်ဗက်နှင့် အမီရိုဘီတို့ ဦးဆောင်ခဲ့ပြီး ဖူဟမ်နောက်တန်းကို အချိန်အတော်များများ ခြိမ်းခြောက်နိုင်ခဲ့သည်။ ၆၂ မိနစ်တွင် နယူးကာဆယ်မှ အင်ဇော့ဘီယာဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ကလွိုက်ဗက်က အပိုင်ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

ပွဲချိန် ၇၅ မိနစ်တွင် နယူးကာဆယ်မှ အမီရိုဘီက ဖူဟမ်နောက်ခံလူများကြားမှ သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့သည်။ ဖူဟမ်တို့ ချေပဂိုးများ ရရှိရေး အပြင်းအထန်ကြိုးစားရာ ၈၆ မိနစ်တွင် ဖူဟမ်တိုက်စစ်မှူး ရက်ဒ်ဇင်စကီးက ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးနိုင်ခဲ့သဖြင့် ဖူဟမ်တို့ သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင် ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းက ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်တိုင်းအသင်းက ပထမပိုင်းမှာပင် လေးဂိုးသွင်းယူပြီး ဒုတိယပိုင်း၌ တစ်ဂိုးထပ်မံသွင်းယူသဖြင့် ငါးဂိုးပြတ် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို ယမင်းသီတာလွင်က သုံးဂိုး၊ သီတာကြည်နှင့် မူမူလွင်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရန်ကုန်တိုင်းအသင်းအတွက် သုံးဂိုးသွင်းယူပေးသူ ယမင်းသီတာလွင်က ရရှိသည်။

ယနေ့ပွဲ

မေ ၆ ရက်**(ယနေ့)** နံနက် ၇ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ပဒေသာအားကစားကွင်း၌ တနင်္သာရီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်း၊ ညနေ ၄ နာရီတွင် ပဒေသာအားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ငွေဇုန်အသင်းနှင့် ကြယ်ပွင့်လေးများ(က)အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ **(မြန်မာ့အလင်း)**

ကျိုက်ပိကျောင်းဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ

ရန်ကုန် မေ ၅

ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိကျောင်း) အတွင်း မဟာဝိဇယကာရီ ငါးထပ်ဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇော် ဒက္ခိဏာဒက၊ ရေစက်ချ၊ မဟာဝိဟာရဒါန အလှူတော်မင်္ဂလာပွဲတော်ကြီးကို ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၈ ရက် (မေ ၁၅ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းဒါယကာ၊ဒါယိကာမအပေါင်း တရားနာ ရေစက်ချ အမျှပေးဝေနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြံခင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မေ ၅

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄–၂၀၀၅ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ရေပေါ်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သားသမီးများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးနှင့်အထက် ရရှိသူများသည် ဦးစိန်ဌေး ဖုန်း–၂၅၆၇၈၄၊ ၂၅၆၈၇၆၊ ဒေါ်တင်တင်ထွေး ဖုန်း– ၅၄၁၀၆၅၊ ၅၄၃၈၇၂ နှင့် ဒေါ်ကြင်ရီ ဖုန်း– ၂၂၆၆၃၇ တို့သို့ မေ ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျားလေးများကို နို့တိုက်ကျွေးသော ခွေးမကြီး

ရက်သားအရွယ် ကျားပေါက်လေးနှစ်ကောင်အား နို့တိုက်နေသော ခွေးမကြီးတစ်ကောင်အား တွေ့ရစဉ်။ **(ယာပုံ)**

တရုတ်နိုင်ငံအရှေ့ဘက်ပိုင်း ဟီဖိုင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုအတွင်း ကျားမကြီးတစ်ကောင်က မေ ၁ ရက်တွင် မွေးဖွားလိုက်သည့် ကျားပေါက်လေးနှစ်ကောင်အား မိခင်နို့ ပြည့်ဝစွာမတိုက်ကျွေးနိုင်သဖြင့် ယင်းကျားပေါက်လေးနှစ်ကောင်ကို ခွေးမကြီးတစ်ကောင်က ကြည်ကြည်ဖြူဖြူ နို့တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**



လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ ကျော်က ဒင်္ဂါးပြား

လေလံပွဲတစ်ခု၌ ပြသနေသော လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ ကျော်ခန့်က ဒင်္ဂါးပြားတစ်ခုကိုတွေ့ရစဉ်။ **(ဝဲပုံ)**

အဆိုပါဒင်္ဂါးပြားသည် လွန်ခဲ့သည့် ၁၇၀၂ နှစ်မှ ၁၇၁၄ ခုနှစ်အတွင်း သွန်းလုပ်ခဲ့သော ရွှေဒင်္ဂါးတစ်ခုဖြစ်ပြီး ယခုအခါ လန်ဒန်မြို့ လေလံပွဲတစ်ခု၌ ပေါင်တစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉ သန်း)ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(အေပီ)

ဂုဏ်ပြုလွှာပေးအပ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် ဇနီး ဒေါ်မြသန်းမိသားစုက ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အလှူတော်အတွက် အလှူငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင်ကို ရွှေပြည်ဟိန်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မအူပင်မြို့နယ် ရေနက်ကွင်းဒေသ စိုက်ပျိုးမွေးမြူရေးစခန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်း မအူပင်မြို့နယ် ရေနက်ကွင်းဒေသ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးစခန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် စခန်းရှင်းလင်းဆောင်၌ မြို့တော်ဝန်အား မအူပင်စိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံ ဦးဉာဏ်ထွန်းအောင်၊ ဗိုလ်မှူးမင်းအောင်နှင့် စခန်းတာဝန်ရှိသူများက အကျယ်အဝန်းဧက ၃၆၈၀ ရှိ စိုက်ပျိုးမွေးမြူရေးစခန်းပိုင် မြေကွက်လပ်၌ ငါးကန် ၁၀၅ကန် တူးဖော်ထားရှိပြီး ငါးတန်၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးကြင်းခေါင်းပွနှင့် ရွှေဝါငါးကြင်းများ ကောင်ရေ ၂၂ သိန်းခန့် ထည့်သွင်းမွေးမြူထားရှိမှု၊ နေ့စဉ် ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများနှင့် အခြားဈေးများသို့ တင်ပို့ရောင်းချပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ လုပ်ငန်းခွဲများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်သည် မွေးမြူထားသည့် ငါးများအတွက် အစာတောင့်များ ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးကန် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့တွင် ထည့်သွင်းမွေးမြူထားသည့် ငါးများ၏ ကြီးထွားမှုနှုန်း အခြေအနေများ၊ ဝက်မွေးမြူရေးစခန်း၌ Large White အမျိုးအစားနှင့် ဘတ်ရှိုင်းယားအမျိုးအစား ဝက်ကောင်ရေ ၄၁၀ ကို စနစ်တကျမွေးမြူထားရှိမှု၊ ဒေသမျိုးကြက်များ မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စခန်းတာဝန်ရှိသူများအား စနစ်တကျဖြင့် ဝင်ငွေတိုးတက် ရရှိစေရန် နည်းပညာသစ်များရယူ၍ တီထွင်ကြံဆ လုပ်ဆောင်ရေး၊ မြက်စားငါးကြင်းနှင့် တီလားပီးယား အမျိုးအစားငါးများ တိုးချဲ့မွေးမြူရေး၊ ငါးကန်ပေါင်များ၌ စားသုံးသီးနှံပင်များ၊ ရာသီသီးနှံပင်များ တိုးချဲ့ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိစေရေး၊ ဝန်ထမ်းများ သက်သာချောင်ချိမှုရှိစေရန် တာဝန်ရှိသူ အဆင့်ဆင့်ကကြပ်မတ်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဈေးရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ နံရံကပ်စာစောင်ပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ရက်က မင်္ဂလာဒုံဈေးရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးမှူး ဦးတင်မောင်လွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဝိုင်အမ်ဘီအေ အဘိဓမ္မာသင်တန်း

ရန်ကုန် မေ ၅

ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်း(၃၇)ကြိမ်မြောက် အဘိဓမ္မာသင်တန်းကို မေ ၂၁ ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် စတင်ဖွင့်လှစ်၍ အဘိဓမ္မာ(ပထမဆင့်)၊(ဒုတိယဆင့်)၊(တတိယဆင့်) သင်တန်းများ ပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ဖုန်း-၂၈၀၄၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၆၅၇၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အကယ်ဒမီ ပြုံးချိုကြီး ရုံတင်၊ လှျို့ဝှက်သောနှင်း ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၅

ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသော အကယ်ဒမီပြုံးချိုကြီးဇာတ်ကား ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

အငြိမ့်လူရွှင်တော်တစ်ဦး၏ဘဝ အနိမ့်အမြင့်၊အတက်အကျကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ပညာပေးဇာတ်ကားဖြစ်သည်။ ပုထုဇဉ်လူအချို့သည် ချမ်းသာသည့်ဒဏ်ကိုမခံနိုင်ကြ၊ ဆင်းရဲသည့်ဒဏ်ကိုသာခံနိုင်ကြသည်။ ကျော်ကြားလာလျှင် ပတ်ဝန်းကျင်က နှောင့်ယှက်ဖျက်ဆီးတတ်သည်။ ဤဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် လိုသည်။ ချမ်းသာလည်း ဘဝမမေ့ရ၊ ကျော်ကြားလာလျှင်လည်း ဘဝင်မမြင့်ရ။ ယင်းသင်ခန်းစာများကို အကယ်ဒမီပြုံးချိုကြီးက ဘဝသင်ခန်းစာ ပေးထားသည်။

‘ချစ်ခြင်းငယ်ပြိုင်’ ဇာတ်ကားမှ ရွှေသွေးနှင့် စိုးမြတ်နန္ဒာ။

‘အကယ်ဒမီ ပြုံးချိုကြီး’ ဇာတ်ကားမှ စုမေ။

အကယ်ဒမီပြုံးချိုကြီး တွင် မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေးသရုပ်ဆောင် စုမေတို့ ခေါင်းဆောင်ပါဝင်ထားသည်။

လှျို့ဝှက်သောနှင်း

အကယ်ဒမီ စင်ရော်မောင်မောင်၏ **လှျို့ဝှက်သောနှင်း** ဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်၊ ရွှေဆောင်နှင့် နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။

ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍

‘ကမ်းလွန်ပင်လယ်ပြင်ကိုဗဟိုပြု၍’ ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။

လွန်းထားထား(ဆေးတက္ကသိုလ်)၏ ဝတ္ထုကို နီကိုရဲဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ရိုက်ကူးသည့် **ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍** ဇာတ်ကား ရွှေဂုန်အဆင့်မြင့်ရုံ မြေညီထပ်တွင် တစ်ကျော့ပြန်လည် ရုံဝင်လာသည်။

ရွှေဂုန်အဆင့်မြင့်ရုံ အပေါ်ထပ်တွင် Broken Arrow အက်ရှင်ဇာတ်ကားပြသနေသည်။ တန်းမြင့်မြို့မရုံတွင် အက်ရှင်မင်းသား ဘော်ဘီဒိုးလ်ခေါင်းဆောင်ပါဝင်ထားသော Badal အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ချစ်ခြင်းငယ်ပြိုင် မကြာမီရုံတင်မည်

ရန်ကုန် မေ ၅

ဒေါက်တာမြမြဝင်း၏ဝတ္ထုကို ကိုကိုလေးဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ ဂျပန်-မြန်မာရိုးရာယဉ်ကျေးမှုကို အခြေခံကာ ဂျပန်နိုင်ငံရောက် မြန်မာလူငယ်တို့ကို ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုတန်ဖိုးထား ချစ်မြတ်နိုးသင့်ကြောင်း ရိုက်ကူးထားသော လူငယ်ပညာပေး အချစ်ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊စိုးမြတ်နန္ဒာနှင့်ရွှေသွေးတို့ ခေါင်းဆောင် ပါဝင်ထားသည်။ ခိုင်ခံ့သော ဇာတ်လမ်း၊ ဇာတ်အိမ်နှင့် ဂျပန်နိုင်ငံတွင် သွားရောက်ရိုက်ကူးထားသော လှပသော ရိုက်ချက်များက ရုပ်ရှင်ဇာတ်ကား ပြီးဆုံးသည်အထိ ဖမ်းစားထားနိုင်အောင် ဒါရိုက်တာက စိတ်ကူးကောင်းကောင်းဖြင့် ရိုက်ကူးထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်သြဝါဒါစရိယချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းမှဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည်မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၊ ဆူးတပ်အုတ်ဖိုကျေးရွာ ခမည်းတော်မြန်မာသမားတော်ကြီးဦးစံခိုင်၊ မယ်တော်ဒေါ်အိမ်မင်းတို့မှ ၁၂၇၃ ခုနှစ် ကဆုန် လဆန်း ၇ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီအချိန်တွင် ဖွားမြင်တော်မူသော တတိယ မြောက်သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ် (၁၅) နှစ်သားအရွယ်တွင် ဆူးတပ်အုတ်ဖိုကျေးရွာ ထန်းတောကျောင်း ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူပါသည်။ ၁၂၉၃ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက် (စနေနေ့) နံနက် ၇နာရီ မိနစ် ၂၀ အချိန်တွင် အုတ်ဖိုရွာ သိမ်ကုန်းခဏ္ဍာသိမ်၌ ရမည်းသင်းမြို့နယ်၊ ဆူးတက်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထန်းတောကျောင်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံတွင် ကစ္စည်း၊ သဒ္ဒါစသော အခြေခံကျမ်းစာများကို သင်ကြားတတ်မြောက်တော်မူခဲ့ပြီး မန္တလေးမြို့သို့ကြွရောက်၍ ဒက္ခိဏာရာမဘုရားကြီး တိုက်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ၊ ဘဒ္ဒန္တ ဇောတိပါလ၊ ဘဒ္ဒန္တ ဥက္ကံသ၊ ပခန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညိဿရ၊ အလယ်တိုက်ကြီးဆရာတော် ဘဒ္ဒန္တ ဧယျာဘိဝံသ၊ သာသနာ့ဇောတိကာရုံ ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ၊ အာသောကာရာမတိုက် ဇောတိကာရုံဆရာတော် ဘဒ္ဒန္တ တေဇနိယာဘိဝံသ စသော ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်၍ သကျသီဟစာသင်တန်းနှင့် စာချတန်းတို့ကိုအောင်မြင် တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ ဘုရားကြီးတိုက်၌ ရဟန်း၊ သာမဏေများစွာတို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ နေ့ဝါ ညဝါတို့ကို ပို့ချတော်မူ၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သံဂီတိကာရက၊ မူလဝိသောဓက၊ ပဋိဝိသောဓက၊ သြသာနဝိသောဓကအဖြစ်တို့ဖြင့် တာဝန်ယူ ဆောင်ရွက်တော်မူ၍လည်းကောင်း၊ မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်း သြဝါဒါစရိယ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ မန္တလေးမြို့ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ သြဝါဒါစရိယ၊ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူ ခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တ မေဓိယာဘိဝံသသည် ၁၉၈၅ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၁ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၆၇ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက် (၅–၅–၂၀၀၅ရက်) ကြာသပတေးနေ့နံနက် ၁း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ၁၃၆၇ခုနှစ် ကဆုန်လဆန်း ၈ ရက် (၁၅–၅–၂၀၀၅ရက်) တနင်္ဂနွေနေ့တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သြဝါဒါစရိယ နယားကျောင်းမှ ဆရာတော်ကြီးပျံလွန်တော်မူ

ရန်ကုန် မေ ၅

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းမှ သက်တော် (၉၄)နှစ် သိက္ခာတော် (၇၃)ဝါရှိ ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဆရာတော်ကြီးသည် ၁၃၆၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (မေ ၅ ရက်) ကြာသပတေးနေ့ နံနက် ၁နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့ (၆/၁၀)ရပ်ကွက် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက နာရေးကူညီမှုအသင်း(ရွှေပြည်သာ)၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ နာဂိတ(မဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ပါဠိပါရဂူ) အား နာရေးကူညီမှုအသင်း(ရွှေပြည်သာ)မှ အသင်းသား၊ အသင်းသူများက မေ ၁ရက်က ပူဇော်ကန်တော့အပြီး တွေ့ရစဉ်။ (က–ပ)

ဟိုတယ်/ ခရီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဧည့်လမ်းညွှန်အတတ်ပညာသင်တန်းဆင်းပွဲ၌အမှာစကားပြောကြား

ရန်ကုန် မေ ၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဖွင့်လှစ်ခဲ့သော အီတလီဘာသာ၊ စပိန်ဘာသာ(အခြေခံ)သင်တန်းနှင့် မော်တော်ယာဉ်မောင်းနှင်သူများ ဧည့်လမ်းညွှန်ဆိုင်ရာ အတတ်ပညာ သင်တန်းအမှတ်စဉ်(၁)သင်တန်းများဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင့်နောင်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ရောက်ရှိလာမှုအခြေအနေနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင့်နောင်တို့က သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိကြသူများနှင့် သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာသင်သားလက်ခံမည်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း ရန်ကင်းစင်တာအနီး ပရိယတ္တိသဒ္ဓမ္မာရုံစာသင်တိုက်မှ ပါဠိစာပေကိုကောင်းမွန်စွာ ဖတ်တတ်သော အသက် (၁၅)နှစ်အောက် သာမဏေများကို ၁၃၆၇ ခုနှစ် ကဆုန် လဆန်း ၂ ရက် (၉–၅–၂၀၀၅) ရက်မှစ၍ ဆရာ မိဘအပ်နှံစာဖြင့် အခြေပြုတန်းမှစ၍ အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းအထိ လက်ခံသင်ကြားပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(က–ပ)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက စီစဉ်တင်ပြ၍ဖွင့်လှစ်ခဲ့သော အီတလီဘာသာ၊ စပိန်ဘာသာ(အခြေခံ)သင်တန်းနှင့် မော်တော်ယာဉ်မောင်းနှင်သူများ ဧည့်လမ်းညွှန်ဆိုင်ရာ အတတ်ပညာသင်တန်းအမှတ်စဉ် (၁) သင်တန်းများဆင်းပွဲအခမ်းအနား၌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။ (ဟိုတယ်/ခရီး)

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)ရေလမ်းကြောင်းပြောင်းလဲ

ရန်ကုန် မေ ၅

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၁၁နှင့် ၁၂ အကြားမှ ဖွင့်လှစ်ထားသည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ မေ၁ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၉နှင့်၁၀အကြားမှ ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသားပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်မောင်းနှင်ခြင်း မပြုရန်၊ အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သောအကွာအဝေးမှချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် တွဲရေယာဉ်များ နှစ်စီးတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်တွဲချင်းမောင်းနှင်ကြရန် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မြနန်းစံကျော်ရွှေနန်းတော်လေ့လာ

ရန်ကုန် မေ ၅

မန္တလေးမြို့၌ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇နာရီခွဲတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေး တက္ကသိုလ်ဝင်းအတွင်း၌ ဒေသခံပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်မိုးက မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီးသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် မန္တလေးတိုင်း အသင်းရုံး အစည်းအဝေးခန်းမ၌ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ဆုံဆွေးနွေးကြရာ တိုင်းအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အမှာစကား ပြောကြားပြီး လူငယ်ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



(၈၆)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပားကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ပ–ဒု–တ)ဆင့် မော်လမြိုင် တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် ရန်ကုန်မြို့ ဗဟိုအမျိုးသား သွေးလှူဘဏ်ဌာနတွင် မတ် ၃၀ရက်က (၈၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

(၂၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးမောင်မြင့်နှင့် ချစ်မေမေ ဒေါ်ကြူကြူစိန်တို့၏ ၆–၅–၂၀၀၅ရက်တွင် ကျရောက်သော (၂၃)နှစ်မြောက် မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

သားကြီး – မောင်ထူးပြည့်အောင် (3rd M.B)

သမီးငယ် – မသိမ့်သီရိမောင်၊ Grade10°။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါ်အေးသန်း၏တူ၊ (ဦးမောင်မောင်လှ) (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)–ဒေါ်မြမြသွင်(အထက်တန်းကျောင်းအုပ်၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသား

မောင်လှမြတ်ဦး B.A (English) (Hons:)

(မြန်မာသံရုံး၊ ဒါကာမြို့)

နှင့်

ရန်ကုန်မြို့နေ ဦးမျိုးသစ်–ဒေါ်စန္ဒာအောင်တို့၏ သမီးကြီး

မမျိုးစန္ဒာ B.A (English) (Hons:)

Diploma in Business Law, Diploma in Maritime Law
General Manager, Gold Shipping Agency Services Ltd.
(Hyundai Merchant Marine)

တို့၏ ၂၂–၄–၂၀၀၅ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအားလည်းကောင်း၊ အသိသက်သေလက်မှတ်ရေးထိုးပေးသော ဥပဒေပညာရှင် ဒေါ်မူမူဝင်းအားလည်းကောင်း၊ ၁–၅–၂၀၀၅ရက်တွင် Traders Hotel၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့်ဇနီး ဒေါ်စောမြတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ဂီတမှူး ကိုမြတ်မင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် အိန္ဒြေကောင်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းရည်မွန်၊ သတို့သားအရန် မောင်ဇင်မောင်လင်း (ကိုဝိုင်း)၊ မောင်ညွန့်လင်းသန့်၊ သတို့သမီးအရန် မအေးမြတ်စန္ဒာဝင်း၊ မဖြူဖြူသိန်း၊ မေတ္တာဖြင့်စိန်လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ဒေါ်စန်းဖြူဖြူ(Royal Diamond)၊ သတို့သမီးဝတ်စုံ မမဠူ၊ မိတ်ကပ်ဆံပင်ဖန်တီးရှင် မိတ်ကပ် စိုးစိုး၊ ပန်းအလှပြင် နီနီပွိုင့်၊ ဗီဒီယိုနှင့်ဓာတ်ပုံ ဝဏ္ဏစွာနီးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ Traders Hotel°မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှမြတ်ဦး–မမျိုးစန္ဒာ။

အမည်ပြောင်း ဦးလှမောင်၏သားဖြစ်သူ ဦးမျိုးသန့် S/OKA–၀၅၉၉၉၆ ကို ယနေ့မှစ၍ ဦးမျိုးသန်းဟုခေါ်ပါရန်။ **ဦးမျိုးသန်း S/OKA–၀၅၉၉၉၆။**



ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မတင်ညိုညိုထွန်း(ခ)မနှင်းနှင်း ၁၂/ဒဂမ(နိုင်)၀၀၃၆၄၆ ကိုင်ဆောင်သူသည် ၁၃–၃–၂၀၀၄ရက်မှစ၍ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပြီး ယနေ့အချိန်အထိ ဆက်သွယ်ခြင်းမရှိပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မောင်စံထွန်းမြတ်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ ထိုက်တန်သောလစာပေးမည်)

A.H.K Product Co., Ltd. စားသောက်ကုန်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	General Manager (Sales and Marketing)	ကျား	(၁) ဦး
၂။	Assistant General Manager (Sales and Marketing)	ကျား/မ	(၁) ဦး
၃။	Regional Sales Manager	ကျား	(၂) ဦး
၄။	Sales Supervisor	ကျား/မ	(၃) ဦး
၅။	Sales Representative	ကျား/မ	(၅) ဦး
၆။	မော်တော်ယာဉ် လ/ထမန်နေဂျာ	ကျား	(၁) ဦး
၇။	မော်တော်ယာဉ်စက်ပြင်အဆင့်(၁)	ကျား	(၁) ဦး
၈။	စာရင်းကိုင်	ကျား/မ	(၃) ဦး

အမှတ်စဉ်(၁၊၂)အတွက် အသက် ၃၅–၄၅နှစ်အတွင်း၊ ဘွဲ့ရ၊ ဈေးကွက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး/ပြောနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။

အမှတ်စဉ်(၃)အတွက် အသက် ၂၅–၄၀နှစ်အတွင်း၊ ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

အမှတ်စဉ်(၄)အတွက် ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၃)နှစ်ရှိရမည်။

အမှတ်စဉ်(၅)အတွက် ဘွဲ့ရ၊ (၁၀)တန်းအောင်၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၃)နှစ်ရှိရမည်။

အမှတ်စဉ်(၆)အတွက် အသက် ၃၅–၄၅နှစ်အတွင်း၊ A.G.T.I (Mechainical) ဘွဲ့ရပြီး၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ စီမံအုပ်ချုပ်နိုင်ရမည်။ အတွေ့အကြုံ (၅)နှစ်ရှိရမည်။

အမှတ်စဉ်(၇)အတွက် အသက် ၂၅–၄၀နှစ်အတွင်း၊ T.H.S (or) A.G.T.I ဘွဲ့ရ၊ စက်ပြင်ကျွမ်းကျင်ရမည်။ အတွေ့အကြုံရှိရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားမည်။

အမှတ်စဉ်(၈)အတွက် အသက် ၂၅–၄၀နှစ်အတွင်း၊ B.Com (CPA), B.Com, DA, ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

A.H.K Product Co., Ltd.

အမှတ် ၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း – ၀၁–၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။



ဆွမ်းဆန်စိမ်း လောင်းလှူ

ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရုံးကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ ဦးဆောင်သော မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား ဧပြီ ၁၈ရက်က မြို့ပေါ်ရှိ ရပ်ကွက်ကြီးခြောက် ရပ်ကွက်မှ ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(၂၄၀)

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန ဦးဆောင်သော လေ့လာအသိပေးရေးအဖွဲ့ ကော့မှူးမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလေ့လာ

ကော့မှူး ဧပြီ ၂၀

ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနက ဦးဆောင်သော လေ့လာအသိပေးရေးအဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဧပြီ၂၀ရက်က ကွင်းဆင်းလေ့လာကြသည်။

ကျေးလက်ကျန်းမာရေးဌာန

ရှေးဦးစွာ လေ့လာအသိပေးရေးအဖွဲ့သည် ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အရန်သားဖွားဆရာမများနှင့် စေတနာ့ဝန်ထမ်း ဆက်သွယ်ရေးမှူးများ(ပြည်သူ့အခြေပြုကျန်းမာရေးလုပ်ငန်းများ– အမျိုးသမီးနှင့် ကလေးများ ကျန်းမာဖွံ့ဖြိုးရေးစီမံချက်)နှင့် တွေ့ဆုံဆွေးနွေး၍ ထောက်ပံ့ ဆေးဝါးပစ္စည်းများရရှိမှုနှင့် သုံးစွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

မြို့နယ်ပြည်သူ့ဆေးရုံ

ဆက်လက်၍ အဆိုပါအဖွဲ့သည် ကော့မှူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့် မြို့နယ်ကျန်းမာရေးဖွံ့ဖြိုးမှု ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးကြသည်။ ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစောလွင်က မြန်မာ–ယူနီဆက် ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ ကော့မှူးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စာရင်းဇယားများဖြင့် အသေးစိတ်ရှင်းလင်း တင်ပြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ အဆိုပါအဖွဲ့သည် မြို့နယ်ဆေးရုံဝန်ထမ်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် ငှက်အော်စမ်း ကျေးလက် ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အရန်သားဖွားဆရာမများ၊ ပြည်သူ့အခြေပြု ကျန်းမာရေးလုပ်ငန်းမှ စေတနာ့ဝန်ထမ်းဆက်သွယ်ရေးမှူးများနှင့် တွေ့ဆုံ ဆွေးနွေးကြပြီး မြို့ပေါ်ရပ်ကွက်များနှင့် လက်ခိုက်ကျေးရွာများမှ မွေးပြီး မိခင်များနှင့် ကလေးများအား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပေးအပ်လှူဒါန်းသော သုတ၊ ရသစာအုပ်များအား ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ထပ်ဆင့် လှူဒါန်းပွဲကို ဧပြီ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဇော်ဝင်းက ကျေးရွာအုပ်စုများရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ထပ်ဆင့် ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူစဉ်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်းချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို မတ်၂၄ရက်က မြို့နယ်ရုံးအစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းတင်တင်နွဲ့က ပညာပေးဟောပြောစဉ်။ (က–ပ)

မြန်မာ့အသံ

၇–၅–၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ပေါင်းတည်မှို)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ရတနာအစစ်ဖြစ်ကြပါစေ (ခေါင်းကြီး)
(၂)တကယ့်ရတနာ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ အဆို၊အက၊အရေး၊အတီးဆုရ (ကချင်ပြည်နယ်မှ မောင်ကြည်စိုးနှင့် ရခိုင်ပြည်နယ်မှ မောင်အောင်သန်းစိုးတို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အသက်ရှည်ရှည်အရွယ်လှလှ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ ကမ္ဘာကျော်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ပိုင်သက်ကျော်၏ အဖော်မဲ့ ငွေသောင်ယံတေးစီးရီး
၂၀း၃၀ English Lesson
Working Knowledge

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက သူနာပြု၊ သားဖွားများ စည်းမျဉ်း စည်းကမ်းများနှင့် အညီ သူနာပြု သားဖွားလိုင်စင် သက်တမ်း တိုးမြှင့်ခြင်းနှင့် သူနာပြု သားဖွားလိုင်စင်အသစ်များ ပြုလုပ်ပေးခြင်းအခမ်းအနားကို ဧပြီ ၂၅ ရက်က ပြည်မြို့ဆေးရုံကြီး ခန်းမဆောင်တွင် ကျင်းပစဉ်။

(မြို့နယ်ကျန်းမာရေး)

မိုးကောင်းမြို့နယ်တွင် ရှေးဦးသူနာပြုသင်တန်းဆင်း

မိုးကောင်း ဧပြီ ၁၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်)သင်တန်းအမှတ်စဉ်(၂/၂၀၀၅) ဆင်းပွဲကို ဧပြီ ၉ရက် နံနက် ၈နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးစိန်လင်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စာတွေ့လက်တွေ့ထူးချွန်ဆုနှင့် စစ်ရေးပြ ထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(၄၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၉–၅–၂၀၀၅ (တနင်္လာနေ့)

❑ ရူပဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ
- တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

❑ ဓာတုဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ
- တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

၁၀–၅–၂၀၀၅ (အင်္ဂါနေ့)

❑ ဇီဝဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ
- တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

❑ ပထဝီဝင်ဘာသာရပ်အကြောင်း သိကောင်းစရာ
- တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

၁၁–၅–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

❑ Ecology, Biodiversity and Conservation of Endangered Orchids in Myanmar
- Environmental Science ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

❑ An Introduction to AUN
- ဘွဲ့ကြို ဝိဇ္ဇာသင်တန်းသားများ ASEAN Quiz ဖြေမည့် အထက်တန်းကျောင်းသားများ

၁၂–၅–၂၀၀၅ (ကြာသပတေးနေ့)

❑ ရှေးဟောင်းမြန်မာမူရင်း အရေးအသား ကမ္ပည်းစာများ၏ သဘောသဘာဝ
– မဟာဝိဇ္ဇာဒုတိယနှစ် အထူးပြုသင်တန်း၊ ပါရဂူအကြိုသင်တန်း၊ ဘာသာစကားအထူးပြု သင်တန်းများ

❑ Introduction to Linguistics
- အင်္ဂလိပ်စာဒီပလိုမာ သင်တန်းသားများ

၁၃–၅–၂၀၀၅ (သောကြာနေ့)

❑ Isostasy, Continental Drift and Plate
- တတိယနှစ်၊ နောက်ဆုံးနှစ် ဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့ကြိုသင်တန်း

❑ လီဒိုလမ်း၏ အတိတ်နှင့်အနာဂတ်မျှော်လင့်ချက်များ
– ပါရဂူဘွဲ့သင်တန်းများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၄–၅–၂၀၀၅ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၅–၅–၂၀၀၅ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျင်းမြို့ ဆရာစံလမ်း ကတ္တရာဖာထေးခြင်းလုပ်ငန်းကို မတ် ၂၃ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့်အငယ်တန်း အင်ဂျင်နီယာ(၃)ဦးကျော်ကျော်တို့ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မအူပင်မြို့နယ်အသင်း (ရန်ကုန်)

နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့်နှစ်ပတ်လည်အစည်းအဝေး

အသင်းဝင်ကန်တော့ခံပုဂ္ဂိုလ်များ၊ ပညာချွန်ဆုရကျောင်းသားများ၊ အသင်းဝင်နှင့် မိသားစုများစိတ်ပါဝင်စားသူမြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။

ကျင်းပမည့်ရက် – ၂၀၀၅ခုနှစ်၊ မေ (၇)ရက်
ကျင်းပမည့်အချိန် – နံနက် ၉နာရီ
ကျင်းပမည့်နေရာ – နယ်စပ်စည်ပင်ခမ်းမ္ဗာရုံ(ရွှေတိဂုံဘုရားမြောက်ဘက်မုခ်)
(မအူပင်မုန့်ဟင်းခါးဖြင့် ဧည့်ခံပါမည်။)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ)သင်တန်း
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ပီအေ)သင်တန်းဝင်ခွင့်အတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် စတင်ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(အမ်ဘီအေ) အမှတ်စဉ်(၂) သင်တန်း
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ပီအေ) အမှတ်စဉ် (၂) သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက်အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်းအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၃။ သင်တန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အမ်ဘီအေသင်တန်းအတွက် ဝါဏိဇ္ဇဗေဒဌာနနှင့် စီမံခန့်ခွဲမှုပညာဌာန H ဆောင်အပေါ်ထပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင်လည်းကောင်း၊ အမ်ပီအေ သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန G ဆောင်၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တွင် လည်းကောင်း၊ ၅–၅–၂၀၀၅ရက် (ကြာသပတေးနေ့)မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၁၇–၅–၂၀၀၅ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်ရေးဖြေ စာမေးပွဲကို ၂၀–၅–၂၀၀၅ရက်(သောကြာနေ့)တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပမည်။

၆။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါ ဌာနများတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။
(က) ဝါဏိဇ္ဇဗေဒဌာနနှင့် စီမံခန့်ခွဲမှုပညာဌာန၊ H ဆောင်အပေါ်ထပ်၊ ဖုန်း–၀၆၄– ၅၀၂၈၃မိတ္ထီလာစီးပွားရေး တက္ကသိုလ်
(ခ) အသုံးချဘောဂဗေဒဌာန G ဆောင်၊ ဖုန်း–၀၂–၆၇၆၅၂ မိတ္ထီလာစီးပွားရေး တက္ကသိုလ်
(ဂ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း–၀၆၄–၂၄၂၈၂ မိတ္ထီလာ စီးပွားရေး တက္ကသိုလ်
(ဃ) လ/ထမော်ကွန်းထိန်း၊ ဖုန်း–၀၆၄–၂၄၂၈၂ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်

အောင်အောင်စိုး
(လ/ထမော်ကွန်းထိန်း)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့ ၁၃၆၇ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၁ရက်
၂၀၀၅ခုနှစ် မေလ ၄ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၀၅ခုနှစ် ဇွန်လ ၂၈ရက်မှ ဇူလိုင်လ ၅ ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်–
(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ဇွန်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသားကုမ္ပဏီအသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၅ခုနှစ် မေလ ၁၆ရက်မှ ဇွန်လ ၁၀ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၃)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၀၃)
တောင်ကြီးမြို့ ရှမ်းပြည်နယ်တရားရုံးတော်၌
၂၀၀၅ခုနှစ် တရားမအထွေထွေမှုအမှတ်–၃
(ကွယ်လွန်သူ ဒေါ်ဘစန်းဒရာကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ မြတ်ဝတ်ရည်လမ်း၊ အိမ်အမှတ်(၁၂၅)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ဘစန်းဒရာ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာကိုထုတ်ပေးပါမည့်အကြောင်း ဒေါ်မာလာသီးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၅ခုနှစ် ဇွန်လ ၂ရက်(၁၃၆၇ခုနှစ်၊ ကဆုန်လဆုတ် ၁၁ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်ဘစန်းဒရာ၏ ကျန်ရစ်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုရင်ဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၅ခုနှစ် ဇွန်လ ၂ရက် (၁၃၆၇ခုနှစ်၊ ကဆုန်လဆုတ် ၁၁ရက်)နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကနည်းလမ်းတကျလွှဲအပ်ထားသည့် ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေထိန်း လက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၀၃နှင့်အညီ ထုတ်ဆင့်လိုက်သည်။ ယင်းသို့လာရောက်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်မာလာသီး၏ လျှောက်လွှာပေါ်တွင် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၅ခုနှစ် မေလ ၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ချစ်လှိုင်
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့ မင်္ဂလာဦးရပ် အမှတ်–၁၉၇နေ ကျွန်တော် ဦးအောင်ဆန်း၏သား မောင်ခွန်လှုံအောင်(ခ) တာတီး ၁၃/တကန(နိုင်)၀၈၂၅၇၅သည် မိဘမောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူနေပါသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်မယူပါ။

ဖခင် ဦးအောင်ဆန်း(တောင်ကြီးမြို့)။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

မကွေးတိုင်း၊ မြို့သစ်မြို့ ကွက်သစ်ရပ်ကွက်နေ ကျွန်မမခိုင်ယဉ်မိုး ၈/မသန(နိုင်) ၀၁၃၂၈၂နှင့် မကွေးတိုင်း မြို့သစ်မြို့ ကွက်သစ်ရပ်ကွက်နေ ကိုစိုးဦး၈/မသန(နိုင်)၀၈၀၇၂၀တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၁၄–၄–၂၀၀၅ ရက်တွင် တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပါကြောင်းနှင့် နောက်နောင် ကိုစိုးဦးနှင့်သက်ဆိုင်သည့် ကိစ္စရပ်အားလုံး ကျွန်မနှင့်လုံးဝ ပတ်သက်ခြင်းမရှိပါကြောင်း။

ခိုင်ယဉ်မိုး
၈/မသန(နိုင်)၀၁၃၂၈၂။

သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ အရှေ့ကျောင်းတိုက်ဆရာတော် ဦးဆောင်မှုဖြင့် (၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက်က ကျောင်းတိုက်ခန်းမဆောင်၌ ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

နောင်ချိုမြို့နယ် လားဟူရောင်ခြည်စာကြည့်တိုက်ဖွင့် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးဟောပြော

နောင်ချို မေ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် လားဟူတောင်ပေါ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လားဟူရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါ ကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းသုံး ဗလာစာအုပ်များနှင့် အလှူငွေများပေးအပ်သည်။

အစီအစဉ်အရ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရပ်သံကျွမ်းကျင်(၃) ဦးတင်မင်းက မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအကြောင်း ဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ပေးပို့သည့် သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၅၀ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ စာရေးဝန်ထမ်း ဒေါ်တင်တင်မော်က ပေးအပ်လှူဒါန်းရာ လားဟူတောင်ပေါ်ကျေးရွာ ဥက္ကဋ္ဌ ဦးလာရိက လက်ခံရယူသည်။ **(အောက်ပုံ)**

ဝမ်းမြောက်ဝမ်းသာ

နောင်ချိုမြို့မှ သွားရောက်ရန် ဝေးလံခက်ခဲသော လားဟူ တောင်ပေါ်ရွာသည် အိမ်ခြေ ၂၀၀ ကျော်ရှိပြီး ယခုကဲ့သို့ လားဟူရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်နိုင်ခဲ့သဖြင့် တောင်ပေါ်ရွာနေ ပြည်ထောင်စု တိုင်းရင်းသားများ ဗဟုသုတရရှိတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား န္တားထိုးကြီးမြို့နယ်၌ကျင်းပ

န္တားထိုးကြီး မေ ၂၀

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ကြီးက ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အတွင်းမှ အကောင်းဆုံး ဆေးတိုက်ကျွေးသူ ဝက်လူးကျေးရွာ သားဖွားဆရာမ ဒေါ်ညိုညိုအား မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဆုချီးမြှင့်ပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်မြမြနှင့် မကျီးကုန်းကျေးရွာမှ ကျန်းမာရေးလုပ်သား ဦးဇော်ထူးတို့အား မြို့နယ် ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာ ခင်မောင်ကြီးက ဦးစီးဌာနဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

(ဝဲပုံ) (၂၁၃)

အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး **Lt.Gen, Daljeet Singh** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန် မေ ၅

အိန္ဒိယနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့်ဇနီး Mrs. Mohini Daljeet Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့်ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ❐

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဝါးကတုတ်ရေလှောင်တမံစစ်ဆေး မိုးယွန်းကြီးအင်းအတွင်း ရေဖြည့်ပေးပြီး နွေစပါးစိုက်ပျိုးနိုင်ရန် တည်ဆောက်ထား

ရန်ကုန် မေ ၅

ပဲခူးတိုင်း ရွှေကျင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ ရက် နံနက် ၈နာရီတွင် ရွှေကျင်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး နံနက် ၁၀နာရီ မိနစ် ၂၀တွင် ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဝါးကတုတ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၍ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုတို့က မိုးယွန်းကြီးအင်းကို ***စာမျက်နှာ ၉ ကော်လံ ၁*** ●

ဝါးကတုတ်ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တာဝန်ရှိသူများ ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ ဝါးကတုတ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)